# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁၀)ရက် ၊ အင်္ဂါနေ့ ၊ (4-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၅၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်တွင်းထွက်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်၊ စားရေးနှင့် ဝတ်ရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့်ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များကို ရန်ကုန်မြို့ရှိ ဇေယျာသီရိဗိမာန်ညီလာခံမဆောင်၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ဦးအောင်နိုင်ဦး၊ဦးတင်ထွဋ်ဦး၊ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ဒေါက်တာကံဇော်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ညီနောင်အသင်းများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၄ ရက်

အယ်ဒီတာ့အာဘော်

# အကြမ်းဖက်လုပ်ရပ်မှန်သမျှ ပြင်းထန်စွာရှုတ်ချ

ယခုလက်ရှိအချိန်သည် ဝါလကင်းလွတ် သီတင်းကျွတ်ကာလသို့ ရောက်ရှိနေချိန်ဖြစ်ပြီး ပြည်တွင်း၌ ပြည်သူများ မိမိတို့၏ လူမှုကိစ္စများအတွက် တည်ငြိမ်အေးချမ်းဘေးကင်းလွတ်လပ်စွာ လှုပ်ရှားသွားလာဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

ထိုသို့သွားလာလှုပ်ရှားနေကြသော ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစိတ်ချမှုကို ထိခိုက်စေသော ရက်စက်ယုတ်မာသည့် လုပ်ရပ်တစ်ခု ယခုရက်ပိုင်းအတွင်းက စိတ်မကောင်းဖြစ်ဖွယ် ပေါ်ပေါက်ခဲ့သည်။ ၎င်းမှာ စက်တင်ဘာ ၃၀ ရက်က ရန်ကုန်-နေပြည်တော်-လွိုင်ကော်-ရန်ကုန် ခရီးစဉ်အဖြစ် ပြေးဆွဲသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း **(MNA)** မှ လေယာဉ်အမှတ် **XY-AML**၊ လေယာဉ်အမျိုးအစား **ATR-72(600)** သည် ခရီးစဉ်အမှတ် **UB-149** ဖြင့် ခရီးသည် ၆၃ ဦး တင်ဆောင်၍ လွိုင်ကော်လေဆိပ်သို့ ဆင်းသက်စဉ် **KNPP** နှင့် **PDF** အမည်ခံ အကြမ်းဖက်သမားများက လက်နက်များဖြင့် ပစ်ခတ်ခဲ့ရာ လေယာဉ်၏ ဘယ်ဘက်ဝမ်းဗိုက်ကို ထိမှန်ခဲ့ပြီး လိုက်ပါစီးနင်းသူ ခရီးသည် တစ်ဦး၏ ညာဘက်ပါးတွင်လည်း ကျည်ထိမှန်ဖောက်ဝင် ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ် ပေါ်ပေါက်ခဲ့ရသည်။

၎င်းဖြစ်ရပ်သည် အေးချမ်းစွာသွားလာနေထိုင်ကြသော ခရီးသွားပြည်သူများအပေါ် လူမဆန်စွာ ရက်စက်ရိုင်းစိုင်းယုတ်မာစွာဖြင့် အကြမ်းဖက်ခြင်းပင်ဖြစ်သည်။ **KNPP** နှင့် **PDF** အမည်ခံအကြမ်းဖက်သမားများအနေဖြင့် စစ်ရေးပစ်မှတ်နှင့် မသက်ဆိုင်သည့် အရပ်ဘက်ပစ်မှတ်များနှင့် အရပ်သားပြည်သူများကို ထိုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရလည်း စစ်ရာဇဝတ်မှု **(War Crime)** ကို ကျူးလွန်ခြင်းဖြစ်သည်။

ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် ဘေးကင်းလုံခြုံမှုကို ထိခိုက်ရန် ပြုမူတိုက်ခိုက်ဆောင်ရွက်နေကြသော **KNPP** နှင့် **PDF** အပါအဝင် အကြမ်းဖက်အဖွဲ့အစည်းများသည် ပြည်သူတို့ကို ရန်ပြုကြသူများအဖြစ် ရပ်လုံးပေါ်နေပြီဖြစ်သည်ကို ယခုဖြစ်ရပ်က သက်သေခံလျက်ရှိသည်။ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် ဘေးကင်းလုံခြုံမှုကို ယိုယွင်းပျက်စီးစေရန် ကြံဆောင်၍ အကြမ်းဖက်မှု ကျူးလွန်ကြသူများကို ပြည်သူတို့က မည်သည့်နည်းနှင့်မျှ လက်ခံနိုင်ကြမည်မဟုတ်ပါ။ ပြည်သူတို့၏ ရွံမုန်းစက်ဆုပ်မှုကို ကြုံတွေ့နေရပြီဖြစ်သည့် အကြမ်းဖက်သမားများ၊ အကြမ်းဖက်အဖွဲ့အစည်းများ ချုပ်ငြိမ်းပျောက်ကွယ်သွားရန် လိုအပ်ပေသည်။

အဆိုပါဆိုးရွားကြမ်းတမ်းသော အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်သွားသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိရောက်ပြင်းထန်စွာ တုံ့ပြန်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ထိရောက်ပြင်းထန်စွာ အရေးယူနိုင်ရေး လိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အတိအလင်း ကြေညာထားသည်။

သို့ဖြစ်ရာ ပြည်သူများ အေးချမ်းစွာနေထိုင်သွားလာနိုင်ရန် အဖက်ဖက်မှ ဝိုင်းဝန်းကြိုးပမ်းနေကြချိန်တွင် ယခုပေါ်ပေါက်လာသောဖြစ်စဉ်မှာ အရုပ်ဆိုးအကျည်းတန်လှသည်။ ထိုဖြစ်စဉ်ကို အကြမ်းဖက်အဖွဲ့အစည်းများ၊ **KNPP** နှင့် **PDF** ပူးပေါင်းအကြမ်းဖက်အဖွဲ့များက မျက်စိပိတ်၊ နားပိတ်ပြီး မည်မျှပင်ဖုံးကွယ်နေကြသော်လည်း စစ်ဘက်ပစ်မှတ်မဟုတ်သည့် ခရီးသည်တင် လေယာဉ်ကို ပစ်ခတ်တိုက်ခိုက်ခြင်းသည် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက် ဒုက္ခပေးခြင်းသာဖြစ်သဖြင့် ယခုကဲ့သို့ ယုတ်မာရက်စက်သည့် အကြမ်းဖက်လုပ်ရပ်ကျူးလွန်ခဲ့ကြသူများကို ပြင်းထန်စွာ ရှုတ်ချကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ငါးသယံဇာတများပေါများစေရေး ငါးသားပေါက်ကောင်ရေ သိန်း ၂၁၀ ကျော် စိုက်ထည့်ပြီးဖြစ်



**မန္တလေး အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီးအတွင်း ယခုဘဏ္ဍာနှစ်တွင် ငါးသယံဇာတများရေရှည်ထိန်းသိမ်းနိုင်စေရေးနှင့် ပေါများစေရေးအတွက် နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ သိန်း ၂၁၀ ကျော်ကို စိုက်ထည့်ပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ ငါးသားပေါက်များကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းစခန်းလေးခုမှခွဲတမ်းကျ စိုက်ထည့်ပေးနေခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း တစ်နိုင်ငံလုံးအနေဖြင့် ငါးသားပေါက်ကောင်ရေ သိန်း ၁၀၀၀ ကျော်ကို မျိုးစိုက်ထည့်သွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအနေဖြင့် ငါးသားပေါက်ကောင်ရေ သိန်း ၂၄၀ ကို စိုက်ထည့်သွားရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ သိန်း ၂၁၀ ကျော်ကို မျိုးစိုက်ထည့်ပေးနိုင်ခဲ့ပြီး လျာထားချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလိုငါးမျိုးတွေကို မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်၊ တမံနဲ့ ရေလျှံကွင်းတွေမှာ စိုက်ထည့်ပေးတာဟာ ငါးသယံဇာတ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေပြီး ပေါများစေဖို့အတွက်ပါ။ ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဝင်ငွေတွေရရှိစေဖို့ပါ။ ငါးမျိုးကောင်းမျိုးသန့်တွေ ရေရှည်တည်တံ့ပြန့်ပွားစေရေး၊ ငါးရိက္ခာတွေ ရေရှည်စားသုံးနိုင်စေရေးနဲ့ သားငါးပေါများစေရေးအတွက် ရည်ရွယ်ဆောင်ရွက်တာဖြစ်ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနကနေ ငါးသားပေါက်တွေကို နှစ်စဉ် စိုက်ထည့်ပေးပြီး မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး စိုက်ထည့်ပေးနေတာပါ"ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ယခုဘဏ္ဍာနှစ်တွင် ငါးသားပေါက်ကောင်ရေ သိန်း ၂၄၀ ကို ငါးလုပ်ငန်းစခန်းအလိုက် စိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း၊ စခန်းအလိုက်အနေဖြင့် သရက်ကုန်းငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ သိန်း ၆၀၊ ကူမဲ ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ သိန်း ၆၀၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ သိန်း ၈၀၊ ရေနံ့သာငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်ကောင်ရေ သိန်း ၄၀ တို့ကို စိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ပဲလွမ်းဖြူနှင့် ပဲနီပြား အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရရှိလာ

**မန္တလေး အောက်တိုဘာ ၃**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ပဲလွမ်းဖြူနှင့် ပဲနီပြား အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲလွမ်းဖြူနှင့်ပဲနီပြားမှာ ယခင်က ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ ယခုအခါ ပဲလွမ်းဖြူနှင့် ပဲနီပြားများကို ကုန်သည်များ ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ် ကောင်းလာကြောင်း သိရသည်။

"ပဲလွမ်းဖြူနဲ့ ပဲနီပြားက အရင်တစ်ပတ်လောက်က အရောင်းအဝယ် သိပ်ပြီးမကောင်းတာကြောင့် မန္တလေးဈေးကွက်ထဲ ဈေးကောင်းသိပ်မရခဲ့ဘူး။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းလာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးကောင်းရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် စက်တင်ဘာ ၂၆ ရက်ပေါက်ဈေးအရ ပဲလွမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀၊ ပဲနီပြား သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ သာ ရှိခဲ့သော်လည်း ယနေ့ ပေါက်ဈေးအရ ပဲလွမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၈၀၀၀၊ ပဲနီပြား သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ ရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲနှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နှမ်းညိုသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၃၁၀၀၀၀ ရှိကြောင်း သိရသည်။

(၁၈၄)

# မန္တလေးဆိပ်ကမ်းမှ ကသာ၊ ထီးချိုင့်နှင့်အခြားမြို့များသို့ သင်္ဘော၊ ရှပ်ပြေးရေယာဉ်တို့ဖြင့် လိုက်ပါစီးနင်းသည့်ခရီးသည် များပြား

**မန္တလေး အောက်တိုဘာ ၃**

မန္တလေးဆိပ်ကမ်းမှ ကသာ၊ ထီးချိုင့်နှင့် အခြားမြို့များသို့ သင်္ဘော၊ ရှပ်ပြေးရေယာဉ်တို့ဖြင့် လိုက်ပါစီးနင်းသည့် ခရီးသည် အောက်တိုဘာ ၁ ရက်မှစ၍ များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးမြို့၌ အရောင်းအဝယ်လုပ်ငန်းများကို အခြားနယ်ဝေးဒေသများမှ လာရောက်လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များအနေဖြင့် သီတင်းကျွတ်ကာလတွင် မိမိတို့ နေရပ်ဒေသအသီးသီးသို့ မန္တလေးဆိပ်ကမ်းမှ သင်္ဘော၊ ရှပ်ပြေးရေယာဉ်တို့ဖြင့် လိုက်ပါစီးနင်းမှု များပြားလာကြောင်း သိရသည်။

"မန္တလေး ဆိပ်ကမ်းကနေ ကသာ၊ ထီးချိုင့်နဲ့ ဗန်းမော်စတဲ့မြို့တွေကို စက်တင်ဘာလ နောက်ဆုံးပတ်ထိက ခရီးသည်လိုက်ပါစီးနင်းမှု ပုံမှန်အနေ အထားမှာပဲရှိတယ်။ အခု သီတင်းကျွတ်ကာလ အောက်တိုဘာလကစပြီးတော့ မန္တလေးဆိပ်ကမ်းကနေ နေရပ်ပြန်ဖို့ လိုက်ပါစီးနင်းတဲ့ခရီးသည်က တော်တော်လေးများပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေး ဆိပ်ကမ်းမှ ကသာ၊ ထီးချိုင့်၊ ဗန်းမော် စသည့်မြို့များသို့ စက်တင်ဘာလနောက်ဆုံးပတ်က လိုက်ပါစီးနင်းသည့် ခရီးသည် တစ်ရက်လျှင် ဦးရေ ၁၂၀ ကျော်သာ ရှိခဲ့သော်လည်း အောက်တိုဘာ ၁ ရက်မှစ၍ တစ်ရက်လျှင် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေ ၂၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

မန္တလေး ဆိပ်ကမ်းမှ ရန်ကုန်၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော် စသည့်မြို့များသို့ ခရီးသည်တင်သင်္ဘော အပါအဝင် ကုန်တင်သင်္ဘော စုစုပေါင်း အစီးရေ ၄၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရေကံလမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တန့်ယန်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ သုံးစွဲရေးအစီအစဉ်(AVIP) သင်တန်းဖွင့်

**တန့်ယန်း အောက်တိုဘာ ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းထပ်တိုးအကောင် အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာမှ ကော်မတီဝင်များအား ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေး အစီအစဉ်(AVIP)သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင် မင်းထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစီမံကိန်းရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေး အစီအစဉ်(AVIP)နှင့်ပတ်သက်သည့်သင်ခန်းစာများ ဆွေးနွေး ပို့ချသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေသုံးစွဲရေး အစီအစဉ် (AVIP)သင်တန်းကို တန့်ယန်း မြို့နယ်အတွင်းရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုးချဲ့အကောင် အထည်ဖော် ဆောင်ရွက်မည့် ပုံဟောင်းခုန်၊ လုံမုံကျေးရွာ၊ နမ့်ပါမုန်း၊ နမ့်မူဆယ်၊ နမ့်ဖတ်၊ နမ့်ပေါင်၊ ကောင်းစုံ၊ ဝမ်ခုန်(လွယ်နွမ်း)၊ ပိန်းယုံး၊ မန်နမ့်အွမ်(ပိန်းမခန်) ကျေးရွာ ၁၀ ရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများ စုစုပေါင်း သင်တန်းသားဦးရေ ၆၀ တက်ရောက်ကြပြီး သင်တန်းကို စာတွေ့၊ လက်တွေ့ဖြင့် ယနေ့မှ အောက်တိုဘာ ၇ ရက်ထိ ငါးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# မဘိမ်းမြို့နယ် ကုန်းမခံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မဘိမ်း အောက်တိုဘာ ၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မဘိမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင် တစ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ် ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကုန်းမခံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးအပ်ပွဲကို ယနေ့ နံနက် ၉နာရီ မိနစ် ၃၀ က အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ဦးစီးမှူး ဦးနိုင်ထက်အောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက် ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ က စီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ကုန်းမခံ ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ် ကိုင်သူ ၁၅၄ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူငါးဦး၊ အရောင်း အဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အသင်းသား စုစုပေါင်း ၁၆၄ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၆၅ သိန်း ထုတ်ချေးပေးခဲ့ ကြောင်း သိရသည်။

**ကျော်ခိုး**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၃၉၀၀၀ ကျော် စိုက်ပျိုးပြီးစီး



**ရမည်းသင်း အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး ရမည်း သင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ ရာသီ၌ စားဖိုဆောင်သီးနှံဧက ၃၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း ရမည်းသင်းမြို့နယ် စိုက် ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင် မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခု နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖို ဆောင်သီးနှံလျာထားဧက ၄၁၀၀၀ ကို ဝွန်လဒုတိယပတ်မှ စတင်စိုက် ပျိုးခဲ့ရာ ယနေ့ထိ စားဖိုဆောင်သီးနှံ ဧက ၃၉၀၀၀ ကျော် စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း၊ စိုက်ပျိုးရန် ကျန်ရှိနေသည့် စားဖိုဆောင်သီးနှံ များကိုလည်း ဆက်လက်စိုက်ပျိုး နေကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်တဲ့ကာလမှာ စားဖိုဆောင်သီးနှံလျာထားဧကတွေကို စိုက်ပျိုးဆောင်ရွက်နေပါတယ်။ လက်ရှိမှာ စိုက်ပျိုးပြီးတာ ဧက ၃၉၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုးတဲ့ အတွက် မိသားစုဝင်ငွေတိုးလာတဲ့ အပြင် အခြားဒေသကနေလဲ သီးနှံ တွေ တင်သွင်းရောင်းချစရာမလို တော့ဘူး။ စိုက်ပျိုးထားတဲ့အသီးအနှံ တွေကလဲ ပိုးမွှားအန္တရာယ်ကင်းရှင်း ပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားချက် ပြည့်မီကျော်လွန် အောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံတွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေ ကို ဌာနကနေ ဆောင်ရွက်ပေးပါ တယ်။ ကွင်းဆင်းပြီးတော့လဲ အသိ ပညာပေးဆွေးနွေးမှုတွေကို ပြုလုပ် ပေးပါတယ်"ဟု ဦးအောင်မျိုးသန့် ကပြောပြသည်။

အဆိုပါ စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားသည့်အတွက် ဒေသ ထွက်ကုန်သီးနှံများကိုသာ ရောင်းချ နိုင်ပြီး မိသားစုဝင်ငွေများတိုးပွားစေ ကာ အလုပ်အကိုင်အခွင့်အလမ်း များတိုးပွားစေသည့် အကျိုးကျေးဇူး များ ရရှိလာစေမည်ဖြစ်ကြောင်း၊ မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မရှိမဖြစ်အသုံး ဝင်သည့် သီးနှံများဖြစ်သော ကြက် သွန်နီ၊ ငရုတ်၊ ချင်း၊ နနွင်းတက် စသည်ဖြင့် အသုံးပြုနိုင်သည့်စားဖို ဆောင်သီးနှံများကို စိုက်ပျိုးလျက် ရှိကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးသန့်ထံမှ သိရသည်။

(၁၈၅)

# မိုင်းတုံမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြီးစီးမှုစစ်ဆေး

**မိုင်းတုံ အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်း တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာ သုံးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များ ဆောင်ရွက်ပြီးစီးမှုအခြေအနေ များကို ယနေ့ နံနက်ပိုင်းက တာဝန် ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တပြည်နယ်ဦးစီးမှူး ဦးတင့်လွင်ဦး၊ မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအောင် မျိုးထက်နှင့် အင်ဂျင်နီယာဝန်ထမ်း များက နောင်ယားဆိုင်း(၁၃) မိုင် ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုး ရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာ လူထုထည့်ဝင်ငွေကျပ် ၃ ဒသမ ၄၃ သန်းဖြင့် အလျားပေ ၅၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာ ဘက်စုံသုံးခန်းမဆောင် တည် ဆောက်ခြင်းလုပ်ငန်း၊ ဟွေအော ကျေးရွာ၌ ပြည်ထောင်စုပြည်နယ် ခွင့်ပြုရန်ပုံငွေကျပ် ၁၁၉ ဒသမ ၈၃၆၅ သန်းဖြင့် စိမ့်စမ်းရေသွယ် ယူခြင်းလုပ်ငန်းနှင့် ဆက်စပ် လုပ်ငန်းများ၊ ဝမ်မိုင်ကျေးရွာ၌ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အနက် ခြောက်ပေရှိ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက် ခြင်းလုပ်ငန်း၊ ရေပိုက်သွယ်တန်းခြင်း နှင့် ဆက်စပ်လုပ်ငန်းများ ဆောင် ရွက်ပြီးစီးမှု အခြေအနေများ ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရှိုးသန်းညွန့်**

# ကျောက်ဆည်မြို့နယ် ရွာတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေး


**ကျောက်ဆည် အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တွင် ရွာတော်ကျေးရွာ၌ နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးမည့် တောင်သူများကို မြစိမ်းရောင်ကျေးရွာစီမံ ကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးက ရွာတော် ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံ ကိန်းကော်မတီဝင်များနှင့်တွေ့ဆုံပြီး မြစိမ်း ရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း များက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက် များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာ ရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင် များက ရွာတော်ကျေးရွာမှ နေကြာစိုက် တောင်သူ ၃၄ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးပေးနိုင် ခြင်းဖြင့် ရွာတော်ကျေးရွာရှိ တောင်သူ ၃၄ ဦး၏ စိုက်ပျိုးမြေဧက ၁၀၀ အတွက် လိုအပ်သည့်မျိုးစေ့၊ သွင်းအားစုနှင့်စိုက်ပျိုး စရိတ်များဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ အခမ်းအနားသို့ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် စီမံ ကိန်းတာဝန်ခံဝန်ထမ်းများ၊ ရွာတော်ကျေးရွာ ရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီ ဝင်များနှင့် ဖိတ်ကြားထားသူများ တက် ရောက်ခဲ့ကြကြောင်း သိရသည်။ **အေးသူ**



# အနှစ် ၂၀ စီမံကိန်းကာလ၏မြန်မာ့စက်မှုလုပ်ငန်းများ (အပိုင်း-၁၀)

ပါမောက္ခကိုကိုအောင်



အနှစ် ၂၀ စီးပွားရေးစီမံကိန်းကာလအတွင်းက ပြေးဆွဲခဲ့သောဘတ်စကားတစ်စီး။

စတုတ္ထလေးနှစ်စီမံကိန်းကာလအတွင်း အမှတ် (၁) စက်မှုဝန်ကြီးဌာန၏ ပြည်ပပို့ကုန်များထဲတွင် ဘိလပ်မြေ၊ ဝါဂွမ်းနှင့် သကြားတို့မှာ အားထားရသော အဓိကပို့ကုန်များဖြစ်ခဲ့သည်။ သို့ရာတွင် အဆိုပါ အဓိကပို့ကုန်များမှာ စီမံကိန်းကာလအတွင်း တစ်နှစ်ထက်တစ်နှစ် လျော့နည်းကျဆင်းခဲ့သည်။ အလှဆီချောနှင့် အလှဆီကြမ်းကို ၁၉၈၂-၁၉၈၃ ခုနှစ်တွင် ငွေကျပ် သုံးသန်းဖိုး၊ ၁၉၈၃-၁၉၈၄ ခုနှစ်တွင် ငွေကျပ် ၂ ဒသမ ၂ သန်းဖိုး၊ ၁၉၈၄-၁၉၈၅ ခုနှစ်တွင် ငွေကျပ် ၅ ဒသမ ၆ သန်းဖိုး၊ ၁၉၈၅-၁၉၈၆ ခုနှစ်တွင် ငွေကျပ် ၂ ဒသမ ၉ သန်းဖိုးတင်ပို့ခဲ့ရသည်။ အရက်ပြန်၊ ကျောက်ပြား၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ် သားရေများနှင့် ဂုန်နီဖျင်ပါး တင်ပို့ရောင်းချနိုင်မှုက တည်ငြိမ်ခဲ့သည်။ ချုပ်ပြီးရှပ်အင်္ကျီများကို ၁၉၈၄-၁၉၈၅ ခုနှစ်တွင် ငွေကျပ် ၁၂ ဒသမ ၆ သန်းဖိုး တင်ပို့ရောင်းချနိုင်ခဲ့သဖြင့် စံချိန်တင်သောနှစ်ဟု ဆိုရမည်ဖြစ်သည်။ စီမံကိန်းကာလအတွင်း နှစ်စဉ် ရှပ်အင်္ကျီပျမ်းမျှ ငွေကျပ် ခုနစ်သန်းဖိုးခန့် ရောင်းချနိုင်ခဲ့သဖြင့် အားထားရသော ပြည်ပပို့ကုန်တစ်ခုဖြစ်ခဲ့သည်။

တည်ငြိမ်မှုလည်းရှိ၊ ဈေးကွက်ကောင်းလည်းရှိသော ကျွဲ၊ နွား၊ သိုး၊ ဆိတ် သားရေ၊ အလှဆီချောနှင့် အလှဆီကြမ်းတို့သည် ပြည်ပဈေးကွက်တွင် သေချာရေရာသော ပို့ကုန်များဖြစ်ခဲ့ပြီး အခြားပို့ကုန်များဖြစ်ကြသော ဝါစေ့ဖတ်၊ ကော်ဖီစေ့၊ သကြား၊ လက်ဖက်ခြောက်၊ မှုန့်၊ ဘဲမွေးတို့ကမူ ဈေးကွက်တည်ငြိမ်မှုမရှိကြပေ။ သကြားကို ၁၉၈၂-၁၉၈၃ ခုနှစ်တွင် ငွေကျပ် ၈ ဒသမ ၄ သန်းဖိုးတင်ပို့ရောင်းချခဲ့ပြီးနောက် ပြည်ပတင်ပို့ခြင်း နှစ်နှစ်ရပ်ဆိုင်းသွားခဲ့သည်။ ၁၉၈၅-၁၉၈၆ ခုနှစ်တွင် ငွေကျပ် ၇ ဒသမ ၄ သန်းဖိုး ထပ်မံတင်ပို့ရောင်းချခဲ့ရပြီး ၁၉၈၆-၁၉၈၇ ခုနှစ်တွင်မူ ငွေကျပ် ၁၁ ဒသမ ၂ သိန်းဖိုးထိ တင်ပို့ခဲ့ရသည်။ ဝါစေ့ဖတ်ကို ၁၉၈၂-၁၉၈၃ ခုနှစ်တွင် ငွေကျပ် ၅ ဒသမ ၈ သန်းဖိုးတင်ပို့ရောင်းချနိုင်ခဲ့ရာမှ တဖြည်းဖြည်းချင်းကျဆင်းလာခဲ့ပြီး ၁၉၈၅-၁၉၈၆ ခုနှစ်တွင် ငွေကျပ် ၃ ဒသမ ၁ သန်းဖိုးသာ တင်ပို့ရောင်းချခဲ့ရသည်။ ဖွဲဖတ်ကို ၁၉၈၅-၁၉၈၆ ခုနှစ်တွင် ငွေကျပ် ၁၈ သန်းဖိုး စတင်တင်ပို့ရောင်းချခဲ့ရပြီး စုစုပေါင်း ပြည်ပပို့ကုန်တန်ဖိုး၏ ၂၂ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့သည်။

ပြည်ပပို့ကုန်ထုတ်လုပ်ရောင်းချမှုတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ကော်ပိုရေးရှင်းရှစ်ခုတို့က တတ်နိုင်သရွေ့ကြိုးပမ်းပါဝင်ခဲ့ကြရာ စတုတ္ထလေးနှစ်စီမံကိန်းကာလ၏ နောက်ဆုံးနှစ်ဖြစ်သော ၁၉၈၅-၁၉၈၆ ခုနှစ်တွင် ငွေကျပ် ၈၁ သန်းဖိုးရှိ ကုန်ပစ္စည်းများကို တင်ပို့ရောင်းချခဲ့သည်။ အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်းက ငွေကျပ် ၂၇ သန်းဖိုး၊ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်းက ငွေကျပ် ရှစ်သန်းဖိုး၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်းက ငွေကျပ် ၂၂ သန်းဖိုး၊ ကြွေထည်မြေထည်လုပ်ငန်းကော်ပိုရေးရှင်းက ငွေကျပ် ၁၂ သန်းဖိုး၊ အထွေထွေစက်မှုလုပ်ငန်းကော်ပိုရေးရှင်းက ငွေကျပ် လေးသန်းဖိုး၊ စက္ကူနှင့်ဓာတုဗေဒလုပ်ငန်းကော်ပိုရေးရှင်းက ငွေကျပ် ခြောက်သန်းဖိုး၊ ဂုန်လျှော်ပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်းက ငွေကျပ် နှစ်သန်းဖိုး အသီးသီးပါဝင်တင်ပို့ခဲ့ကြသည်။

ပြည်ပပို့ကုန်တိုးမြှင့်ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာနက ဒုတိယလေးနှစ် စီမံကိန်းကာလ ၁၉၇၆-၁၉၇၇ ခုနှစ်နှင့် ၁၉၇၇-၁၉၇၈ ခုနှစ်များအတွင်း ငွေကျပ် ၂၈၅ ဒသမ ၇ သန်း ရင်းနှီးမြှုပ်နှံခဲ့သည်။ ထိုနှစ်နှစ်အတွင်းက ပြည်ပပို့ကုန်ငွေကျပ် ၆၃ ဒသမ ၄ သန်းဖိုး တင်ပို့ရောင်းချခဲ့ရာ ပြည်ပပို့ကုန်အနေဖြင့် စုစုပေါင်းထုတ်လုပ်မှု၏ ၁ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့သည်။ တတိယလေးနှစ်စီမံကိန်းကာလတွင် ငွေကျပ် ၂၇၆၀ ဒသမ ၁၂ သန်း ရင်းနှီးမြှုပ်နှံခဲ့ရာ ပြည်ပပို့ကုန်ငွေကျပ် ၄၆၃ ဒသမ ၄ သန်းဖိုးထိ ထုတ်လုပ်နိုင်ခဲ့သဖြင့် စုစုပေါင်းကုန်ထုတ်လုပ်မှု၏ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့သည်။

စတုတ္ထလေးနှစ် စီမံကိန်းကာလတွင်လည်း ငွေကျပ် ၃၈၈၉ ဒသမ ၉၉ သန်းဖိုးထိ တိုးမြှင့်ရင်းနှီးမြှုပ်နှံခဲ့သော်လည်း ပြည်ပပို့ကုန်ကို ငွေကျပ် ၃၀၀ ဒသမ ၆ သန်းဖိုးသာ ထုတ်လုပ်ရောင်းချနိုင်ခဲ့သဖြင့် ကုန်ထုတ်လုပ်မှုစုစုပေါင်း၏ နှစ်ရာခိုင်နှုန်းသာ ပါဝင်နိုင်ခဲ့သည်။ စတုတ္ထလေးနှစ်စီမံကိန်းကာလ ကုန်ဆုံးသည်ထိ တိုးတက်ရင်းနှီးမြှုပ်နှံခဲ့သော်လည်း ပြည်ပပို့ကုန်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်အညီ လိုက်ပါတိုးတက်မှုမရှိဘဲ တဖြည်းဖြည်းကျဆင်းလာခဲ့သည်။ စတုတ္ထလေးနှစ်စီမံကိန်းကာလတွင် ပြည်ပပို့ကုန်အနေဖြင့် ၃၇ ရာခိုင်နှုန်းသို့ပင် ကျဆင်းခဲ့ရာ အဓိကအကြောင်းရင်းအနေဖြင့် ဂုန်လျှော်ပို့ကုန်ကျဆင်းသောကြောင့် ဖြစ်ရကြောင်း တွေ့ရှိရသည်။ ဂုန်လျှော်ကို စတုတ္ထလေးနှစ်စီမံကိန်းကာလအတွင်း ၁၉၈၂-၁၉၈၃ ခုနှစ်တွင် ငွေကျပ် ၄ ဒသမ ၇ သန်းဖိုးနှင့် ၁၉၈၄-၁၉၈၅ ခုနှစ်တွင် ငွေကျပ် ၅ ဒသမ ၁ သန်းဖိုးသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၁၉၈၃-၁၉၈၄ ခုနှစ်နှင့် ၁၉၈၅-၁၉၈၆ ခုနှစ်များတွင် တင်ပို့ရောင်းချနိုင်ခြင်းမရှိခဲ့ပေ။

နိုင်ငံတော်၏ ပြည်ပပို့ကုန်လုပ်ငန်းများကို ၁၉၇၆ ခုနှစ် မတိုင်မီက ကုန်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့သွင်းကုန်ထုတ်ကုန်လုပ်ငန်းကော်ပိုရေးရှင်းကသာ တာဝန်ယူဆောင်ရွက်ခဲ့ရာမှ ၁၉၇၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာနက ဌာန၏ပြည်ပပို့ကုန်လုပ်ငန်းကို တိုက်ရိုက်လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိခဲ့သည်။ ထိုကဲ့သို့ စတင်ဆောင်ရွက်သည့် ၁၉၇၆-၁၉၇၇ ခုနှစ်နှင့် ၁၉၇၇-၁၉၇၈ ခုနှစ်များတွင် ပို့ကုန်ရည်မှန်းချက်၏ ၆၀ ရာခိုင်နှုန်းကိုသာ လုပ်ဆောင်နိုင်ခဲ့သည်။ ၁၉၇၆-၁၉၇၇ ခုနှစ်တွင် စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၏ ပို့ကုန်ဖြစ်သော အရက်ပြန်၊ တင်လဲဖြူ၊ ဘီယာနှင့် ရမ်များကို ငွေကျပ် သန်း ၃၀ ဖိုး တင်ပို့ရန်ရည်မှန်းခဲ့သော်လည်း လက်တွေ့တွင် တင်ပို့ရောင်းချနိုင်ခြင်းမရှိခဲ့ပေ။ ဗာဂျီးနီးယားဆေးကိုလည်း ငွေကျပ် ၃ ဒသမ ၁ သန်းဖိုး တင်ပို့ရောင်းချရန် ရည်မှန်းခဲ့ရာ ငွေကျပ် သုည ဒသမ ၁ သန်းဖိုးသာလျှင် တင်ပို့နိုင်ခဲ့သည်။ ၁၉၇၆-၁၉၇၇ ခုနှစ်တွင် ပြည်ပတင်ပို့ရောင်းချမှု ရည်မှန်းချက်အပေါ် ၂၂ ဒသမ ၇ ရာခိုင်နှုန်းကိုသာ အကောင်အထည်ဖော်နိုင်ခဲ့သည်။

တတိယလေးနှစ်စီမံကိန်းကာလတွင် ပြည်ပပို့ကုန်ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သဖြင့် ရည်မှန်းချက်၏ ၉၀ ရာခိုင်နှုန်းထိ အကောင်အထည်ဖော်နိုင်ခဲ့သည်။ ၁၉၇၈-၁၉၇၉ ခုနှစ်နှင့် ၁၉၇၉-၁၉၈၀ ပြည့်နှစ်များတွင် ဂုန်လျှော်အရောင်းကျဆင်းခဲ့ခြင်းကြောင့် ရည်မှန်းချက်ပြည့်မီခြင်းမရှိဖြစ်ခဲ့ရပြီး ကျန်နှစ်နှစ်တွင် ရည်မှန်းချက်ထက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ အဓိကပြည်ပပို့ကုန်ဖြစ်သော ဂုန်လျှော်သည် အမှတ်(၁)စက်မှုဝန်ကြီးဌာန စုစုပေါင်း ပြည်ပပို့ကုန်၏ ၄၆ မှ ၆၃ ရာခိုင်နှုန်းထိ ပါဝင်နေသော်လည်း ထိုနှစ်များအတွင်းက ရည်မှန်းချက်၏ ၅၀ ရာခိုင်နှုန်းခန့်ကိုသာ တင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

စတုတ္ထလေးနှစ် စီမံကိန်းကာလ ၁၉၈၃-၁၉၈၄ ခုနှစ်တွင်လည်း ဂုန်လျှော်ပစ္စည်းရောင်းချနိုင်မှုက ၁၂ ဒသမ ၉ ရာခိုင်နှုန်းသာရှိခဲ့သည်။ အဓိကအားထားရသော ပြည်ပပို့ကုန်ဖြစ်သည့် ဂုန်လျှော်ပစ္စည်းက ၁၉၈၂-၁၉၈၃ ခုနှစ်တွင် စုစုပေါင်း ပြည်ပပို့ကုန်၏ ခြောက်ရာခိုင်နှုန်းနှင့် ၁၉၈၃-၁၉၈၄ ခုနှစ်တွင် နှစ်ရာခိုင်နှုန်းသာရှိခဲ့သည်။ ၁၉၈၃-၁၉၈၄ ခုနှစ်တွင် ဝါဂွမ်းကို ရည်မှန်းချက်၏ ၅၃ ဒသမ ၇ ရာခိုင်နှုန်းသာ တင်ပို့နိုင်ခဲ့ပြီး ဖွဲဖတ်နှင့် ကျွဲ၊ နွား၊ သိုး၊ ဆိတ် သားရေများကိုမူ ရည်မှန်းချက်အတိုင်း တင်ပို့နိုင်ခြင်းမရှိခဲ့ပေ။ မူလရည်မှန်းချက်အနက် ဖွဲဖတ် ၅၈ ရာခိုင်နှုန်းနှင့် ကျွဲ၊ နွား၊ သိုး၊ ဆိတ် သားရေ ၄၇ ရာခိုင်နှုန်းသာ တင်ပို့နိုင်ခဲ့သည်။ ဖွဲဖတ်ကို ငွေကျပ် ၃၀ ဒသမ ၈ သန်းဖိုးခန့်ထိ တင်ပို့ရန်ရည်မှန်းခဲ့သော်လည်း ငွေကျပ် ၁၉ သန်းဖိုးသာ တင်ပို့နိုင်ခဲ့သည်။ ကျွဲ၊ နွား၊ သိုး၊ ဆိတ် သားရေကိုလည်း ငွေကျပ် ၄ ဒသမ ၈ သန်းဖိုး တင်ပို့ရောင်းချရန် ရည်မှန်းခဲ့သော်လည်း ငွေကျပ် နှစ်သန်းဖိုးခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ခြင်းကြောင့် စတုတ္ထလေးနှစ် စီမံကိန်းကာလ ၁၉၈၅-၁၉၈၆ ခုနှစ်တွင် ပြည်ပပို့ကုန်အနေဖြင့် ရည်မှန်းချက်အတိုင်း ပြည့်မီအောင်မြင်ခြင်းမရှိခဲ့သည်ကို တွေ့ရှိရသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန လက်အောက်ရှိ အထွေထွေစက်မှုလုပ်ငန်း ကော်ပိုရေးရှင်းအနေဖြင့် တတိယလေးနှစ်စီမံကိန်းကာလတွင် ပြည်ပပို့ကုန်ထုတ်လုပ်နိုင်မှု သင့်တင့်သည်ဟု ဆိုနိုင်သော်လည်း စတုတ္ထလေးနှစ်စီမံကိန်းကာလတွင်မူ ထုတ်လုပ်မှုကများစွာကျဆင်းသွားခဲ့သည်။ အထွေထွေစက်မှုလုပ်ငန်းကော်ပိုရေးရှင်း၏ တတိယလေးနှစ်စီမံကိန်းကာလနှင့် စတုတ္ထလေးနှစ်စီမံကိန်းကာလတို့အတွင်း ပြည်ပပို့ကုန်ထုတ်လုပ်ရောင်းချနိုင်မှုကို အောက်ပါအတိုင်းလေ့လာတွေ့ရှိရသည်။

တန်ဖိုး(ကျပ်သိန်း)

| **တတိယလေးနှစ် စီမံကိန်းကာလ** | **စတုတ္ထလေးနှစ် စီမံကိန်းကာလ** |
|---|---|
| ၇၁. ၇၁ | ၄၈. ၈၁ |
| ၁၂၂. ၃၀ | ၇၀. ၃၀ |
| ၁၀၆. ၆၄ | ၅၀. ၄၁ |
| ၅၅. ၆၆ | ၅၅. ၁၉ |

❖ အလှဆီချောနှင့် အလှဆီကြမ်းကို ၁၉၈၂-၁၉၈၃ ခုနှစ်တွင် ငွေကျပ် သုံးသန်းဖိုး၊ ၁၉၈၃-၁၉၈၄ ခုနှစ်တွင် ငွေကျပ် ၂ ဒသမ ၂ သန်းဖိုး၊ ၁၉၈၄-၁၉၈၅ ခုနှစ်တွင် ငွေကျပ် ၅ ဒသမ ၆ သန်းဖိုး၊ ၁၉၈၅-၁၉၈၆ ခုနှစ်တွင် ငွေကျပ် ၂ ဒသမ ၉ သန်းဖိုး တင်ပို့ခဲ့ရသည်။ အရက်ပြန်၊ ကျောက်ပြား၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ် သားရေများနှင့် ဂုန်နီဖျင်ပါး တင်ပို့ရောင်းချနိုင်မှုက တည်ငြိမ်ခဲ့သည်။ ချုပ်ပြီးရှပ်အင်္ကျီများကို ၁၉၈၄-၁၉၈၅ ခုနှစ်တွင် ငွေကျပ် ၁၂ ဒသမ ၆ သန်းဖိုး တင်ပို့ရောင်းချနိုင်ခဲ့သဖြင့် စံချိန်တင်သောနှစ်ဟု ဆိုရမည်ဖြစ်သည်။ ❖

ပြည်ပပို့ကုန်လုပ်ငန်းကို တိုးချဲ့မြှင့်တင်ရန်အတွက် ဦးစားပေးလုပ်ဆောင်ခဲ့သော်လည်း ကမ္ဘာ့စီးပွားရေးအခြေအနေ၊ ငွေကြေးဖလှယ်နှုန်း စသောအခက်အခဲအမျိုးမျိုးတို့ကြောင့် မျှော်မှန်းသကဲ့သို့ အောင်မြင်မှုမရခဲ့ပေ။ ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချရခြင်း၊ ဈေးကွက်ပိတ်ပင်ထားခြင်းနှင့် ဈေးကစားခံရခြင်းတို့ကို ရင်ဆိုင်ခဲ့ရသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများက တင်ပို့သည့်အခြေခံကုန်စည်များ၏ဈေးနှုန်းမှာ တည်ငြိမ်မှုမရှိဘဲ ဝယ်လိုအားနှင့် ဈေးနှုန်းကျဆင်းနေခြင်းကြောင့်လည်း အခက်ကြုံခဲ့ရခြင်းဖြစ်သည်။ ထို့ပြင် ပို့ကုန်အရည်အသွေး

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ၁၀မှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခု ခွင့်ပြုခဲ့

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မြန်မာကျပ်ငွေ ၁၃၉၂ ဒသမ ၄၀၃ သန်းနှင့် အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၂၈ သန်းတန်ဖိုးရှိ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခုကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက လုပ်ကိုင်ရန်ခွင့်ပြုခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ အတွင်းရေးမှူး ဦးညီညီမင်းကပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခုတို့ကို စက်တင်ဘာလနောက်ဆုံးပတ်ကကျင်းပသော ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၉/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးမှ အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အတည်ပြုပေးခဲ့တဲ့ လုပ်ငန်းတွေကတော့ CMP စနစ်နဲ့ အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်တဲ့လုပ်ငန်း၊ Warehousing Services and Logistics Services လုပ်ငန်း၊ CMP စနစ်နဲ့ ဆက်သွယ်ရေးလုပ်ငန်းသုံး Signal Cable အမျိုးမျိုးထုတ်လုပ်တဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေရဲ့ မတည်ငွေရင်းပမာဏကတော့ မြန်မာကျပ်ငွေ ၁၃၉၂ ဒသမ ၄၀၃ သန်းနဲ့ အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၂၈ သန်းဖြစ်ပြီး ဒီလုပ်ငန်းတွေက လုပ်သားအင်အား ၃၁၄၉ ဦးအတွက် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်"ဟု အတွင်းရေးမှူး ဦးညီညီမင်းက ပြောပြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက လုပ်သားအင်အား ၂၃၀၀ ကျော် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေမည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခုကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ်(၈/၂၀၂၂)ဖြင့် ဩဂုတ်လအတွင်းက ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ ASH



➤ စာမျက်နှာ ၄ မှအဆက်

မပြည့်မီခြင်း၊ ကမ္ဘာ့ဈေးကွက်နှင့်အညီ လေ့လာမှုအားနည်းခြင်း စသောလိုအပ်ချက်များကလည်း ရှိနေခဲ့သည်။ ထို့ကြောင့်ပင် အမှတ်(၁)စက်မှုဝန်ကြီးဌာနက ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် ကမ္ဘာ့ပေါက်ဈေးအတိုင်းမရရှိဘဲ နစ်နာမှုများရှိခဲ့သလို ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်ခြင်းကြောင့်လည်း ထုတ်ကုန်ပစ္စည်းတချို့ကို အကျိုးအမြတ်မရှိဘဲ အရှုံးနှင့်သာတင်ပို့ရောင်းချခဲ့ရသည်။

အဓိကပြည်ပပို့ကုန်တစ်ခုဖြစ်သော ဝါဂွမ်းတစ်တန်၏ ပြည်ပပေါက်ဈေးသည် ငွေ ၁၃၄၉၁ ဒသမ ၂ ကျပ်ဖြစ်သော်လည်း ဝါဂွမ်းတစ်တန်အပေါ်၌ အမှန်ရရှိသော ပို့ကုန်တစ်ယူနစ်တန်ဖိုး(သဘော်ပေါ်ရောက်ဈေးနှုန်း)ကမူ ၁၉၈၄-၁၉၈၅ ခုနှစ်တွင် ငွေ ၁၂၂၅၄ ကျပ်ကိုသာ အမြင့်ဆုံးရရှိခဲ့ပြီး ၁၉၇၉-၁၉၈၀ ပြည့်နှစ်ကမူ အနိမ့်ဆုံးအဖြစ် ငွေ ၈၂၄၂ ကျပ်သာရရှိခဲ့သည်။ ဝါဂွမ်းတစ်တန်၏ ပြည်တွင်းဈေးနှုန်းက ငွေ ၁၃၀၄၀ ဒသမ ၉ ကျပ်ဖြစ်သောကြောင့် ၁၉၈၄-၁၉၈၅ ခုနှစ်က တစ်တန်အပေါ် ငွေ ၇၈၆ ဒသမ ၉ ကျပ်နှင့် ၁၉၇၉-၁၉၈၀ ပြည့်နှစ်က ငွေ ၄၇၉၈ ဒသမ ၉ ကျပ်ခန့်အရှုံးပေါ်ခဲ့သည်။

ထို့အတူ သကြားတစ်တန်၏ ပြည်ပရောင်းဈေးနှုန်းက ငွေ ၃၆၀၂ ဒသမ ၃၃ ကျပ်ဖြစ်ပြီး ပြည်တွင်းရောင်းဈေးနှုန်းမှာ ငွေ ၄၁၀၅ ဒသမ ၂ ကျပ်ဖြစ်သည်။ သကြားတစ်တန်အတွက် အမှန်တကယ်ရရှိခဲ့သော ပို့ကုန်တစ်ယူနစ်တန်ဖိုး(သဘော်ပေါ်ရောက်ဈေးနှုန်း)မှာ ၁၉၈၀-၁၉၈၁ ခုနှစ်က ငွေ ၄၃၇၃ ကျပ်ဖြစ်ပြီး ၁၉၈၅-၁၉၈၆ ခုနှစ်တွင်မူ ငွေ ၁၀၅၃ ကျပ်ရရှိခဲ့သည်။ ထို့ကြောင့်ပင် ၁၉၈၀-၁၉၈၁ ခုနှစ်က နိုင်ငံခြားငွေရရှိရေးအတွက် သကြားတစ်တန်အပေါ် ငွေ ၂၆၇ ဒသမ ၈ ကျပ်ပိုခဲ့ရသော်လည်း ၁၉၈၅-၁၉၈၆ ခုနှစ်တွင်မူ ငွေ ၃၀၅၂ ဒသမ ၂ ကျပ် အရှုံးပေါ်ခဲ့သည်။ အလားတူပင် ပြည်တွင်းတည်ဆောက်ရေးလုပ်ငန်းများအတွက် အထူးလိုအပ်လျက်ရှိသော ဘိလပ်မြေကိုလည်း အရှုံးခံ၍ပင် ပြည်ပသို့တင်ပို့ရောင်းချခဲ့ရသည်။ ထိုစဉ်က ဘိလပ်မြေတစ်တန်၏ ပြည်ပပေါက်ဈေးက ငွေ ၄၄၇ ကျပ်ဖြစ်ပြီး ပြည်တွင်းရောင်းဈေးနှုန်းမှာ ငွေ ၃၃၆ ဒသမ ၆ ကျပ်ဖြစ်သည်။ ၁၉၈၃-၁၉၈၄ ခုနှစ်အတွင်းက ပြည်ပပို့ကုန် ဘိလပ်မြေတစ်တန်အပေါ် အမှန်ရရှိသော ပို့ကုန်တစ်ယူနစ်တန်ဖိုး (သဘော်ပေါ်ရောက်ဈေးနှုန်း)မှာ ငွေ ၅၉၅ ကျပ်ဖြစ်သော်လည်း ၁၉၈၆-၁၉၈၇ ခုနှစ်တွင်မူ အနိမ့်ဆုံးဈေး ငွေ ၁၉၅ ကျပ်သာလျှင် ရရှိခဲ့သည်။ ထို့ကြောင့် ၁၉၈၃-၁၉၈၄ ခုနှစ်က ဘိလပ်မြေတစ်တန်အပေါ် ငွေ ၂၅၈ ဒသမ ၄ ကျပ် ပိုမိုရရှိခဲ့သော်လည်း ၁၉၈၆-၁၉၈၇ ခုနှစ်တွင်မူ ငွေ ၁၄၁ ဒသမ ၆ ကျပ်အရှုံးပေါ်ခဲ့သည်။ ပြည်ပပို့ကုန်လုပ်ငန်းတိုးချဲ့မြှင့်တင်လုပ်ဆောင်ရာတွင် ကမ္ဘာ့ဈေးကွက်သို့ အရှုံးခံပြီး တင်ပို့ရောင်းချခဲ့ရခြင်းများကြောင့် အရာမထင်ဘဲ နိုင်ငံခြားသုံးငွေရရုံမျှသာ ဖြစ်နေခဲ့ပါသည်။

# တို့နိုင်ငံ ငြိမ်းချမ်းပါစေ

\- တို့နိုင်ငံ အနာဂတ်
အထွတ်မြတ် ဖြစ်ဖို့ပါ၊
နိုင်ငံကို သစ္စာမဖောက်
လျှောက်ကြစေရာ၊
အမျိုးသားရေး စိတ်ဓာတ်သာ
ရင်ထဲမှာ အမြဲထား၊
လမ်းမှန်ဖွေ တိုးတက်ရေးကို
ဆွေးနွေးစို့လား။

\- ရန်စွယ်တွေ တို့ဖယ်ရှား
အသိတရား ရှိသင့်ပေ၊
ပြည်သူကို သွေးထိုးမြှောက်
ခြောက်လှန့်သူတွေ၊
ပြည်ပသို့ အားကိုးနေ
တရားဥပဒေ ဖောက်ဖျက်၊
တို့နိုင်ငံ ဂုဏ်ပုဒ်ညှိုးအောင်
ဆိုးသွမ်းမိုက်လျက်။

\- နိုင်ငံတော် ဦးတည်ချက်
ထိုးနှက်တဲ့ ရန်မိစ္ဆာ၊
တို့ပြည်သူ အင်အားပေါင်းလို့
မောင်းထုတ်ရမှာ၊
ဘာသာဓလေ့ မြတ်နိုးစွာ
တို့မြန်မာ သွေးစည်းပေး၊
လောက်ကောင်တွေ စရိုက်ဆိုးကို
ဖျက်ချိုးစို့လေး။

\- နိုင်ငံတော် ငြိမ်းချမ်းအေး
တည်ငြိမ်ရေး ဖြစ်ဖို့ရွယ်၊
လက်တွဲကာ ကာကွယ်သွားပါလို့
နှိုးကြားစေဖွယ်၊
ပြည်ထောင်စု စိတ်ဓာတ်ရယ်
ခိုင်မြဲတယ် ထာဝရ၊
တို့ပြည်သူ စုပေါင်းအစွမ်းဖြင့်
ပန်းတိုင်လှမ်းကြ။ ။

**မောင်မျိုးချစ်(အညာမြေ)**


**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# SCIENCE AND TECHNOLOGY

## အင်္ဂါဂြိုဟ်တောင်ဝင်ရိုးစွန်းရေခဲလွှာအောက်၌ အရည်ပုံစံဖြင့် ရေဓာတ်တည်ရှိနေမှု အထောက်အထားများကို သိပ္ပံပညာရှင်များ ထပ်မံတွေ့ရှိ



**လန်ဒန် အောက်တိုဘာ ၃**

အင်္ဂါဂြိုဟ် တောင်ဝင်ရိုးစွန်း ရေခဲလွှာအောက်၌ အရည်ပုံစံဖြင့် ရေဓာတ်တည်ရှိနေမှု အထောက်အထားများကို သိပ္ပံပညာရှင်များက ထပ်မံတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂ ရက်က ရေးသားတင်ပြထားသည်။

ဥရောပ အာကာသအေဂျင်စီ၏ မားစ်အိတ်စပရက်အာကာသယာဉ်သည် ၂၀၁၈ ခုနှစ်တွင် အင်္ဂါဂြိုဟ်တောင်ဝင်ရိုးစွန်းရေခဲလွှာမှာ နိမ့်ချည်ကြွချည်ဖြစ်နေတတ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည်ဖြစ်ရာ အဆိုပါရေခဲလွှာအောက်၌ အရည်ပုံစံဖြင့် ရေဓာတ်များတည်ရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက ကောက်ချက်ချခဲ့ကြသည်။

ရှေးယခင်ကပင် အင်္ဂါဂြိုဟ်၏ လွန်ကဲပြင်းထန်သည့် အအေးဓာတ်ကြောင့် ရေခဲလွှာအောက်ရှိ ရေများမှာ အရည်ပုံစံဖြင့်ရှိနေနိုင်မည်မဟုတ်ကြောင်း ယူဆခဲ့ကြသည်။

သို့ရာတွင် ဗြိတိန်နိုင်ငံ ကိန်းဘရစ်ချ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ ဦးဆောင်သော နိုင်ငံတကာသိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က အင်္ဂါဂြိုဟ် တောင်ဝင်ရိုးစွန်း ရေခဲလွှာနယ်မြေတစ်ခုကို ရေဒါစနစ်တစ်မျိုးဖြင့် လေ့လာခဲ့ရာ ၎င်းနယ်မြေ၌ မြေအောက်ရေများ အရည်ပုံစံဖြင့် တည်ရှိနေနိုင်မှု အထောက်အထားများကို ထပ်မံတွေ့ရှိခဲ့ရသည်။

အင်္ဂါဂြိုဟ် တောင်ဝင်ရိုးစွန်း ရေခဲလွှာအောက်၌ အရည်ပုံစံဖြင့် ရေဓာတ်တည်ရှိနိုင်ရန် ဘူမိအပူစွမ်းအင်ကဲ့သို့ စွမ်းအင်အရင်းအမြစ်တစ်မျိုး လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ အင်္ဂါဂြိုဟ်တောင်ဝင်ရိုးစွန်းရေခဲလွှာအောက်၌ အရည်ပုံစံဖြင့် ရေဓာတ်တည်ရှိမှုသည် အဆိုပါဂြိုဟ်အနေဖြင့် ဘူမိအပူစွမ်းအင် ထုတ်လွှတ်နိုင်ဆဲဖြစ်သည်ကို ပြသနေကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

KKO

## စကြဝဠာခေတ်ဦးကြယ်များ၏ ဓာတုဒြပ်စင်သဲလွန်စများကို သိပ္ပံပညာရှင်များတွေ့ရှိ

**တိုကျို အောက်တိုဘာ ၃**

စကြဝဠာခေတ်ဦး ကြယ်များ၏ ဓာတုဒြပ်စင်သဲလွန်စများကို သိပ္ပံပညာရှင်များက တွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂ ရက်က ရေးသားတင်ပြထားသည်။

Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားပြီးနောက် ပထမဆုံး ပေါ်ထွက်လာသော အရွယ်အစားကြီးမားသည့် ကြယ်ကြီးများသည် ကြယ်သက်တမ်းကုန်ဆုံးချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အက်တမ်အလေးချိန်ကဲ ဒြပ်စင်များကို ချန်ရစ်တတ်ကြကြောင်း သိပ္ပံပညာရှင်များက ရှေးယခင်ကပင် လက်ခံခဲ့ကြသည်။

သို့ရာတွင် အဆိုပါကြယ်ကြီးများ၏ သဲလွန်စများဖြစ်သည့် ဓာတုဒြပ်စင်အထောက်အထားများကို တိုက်ရိုက်ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိပေ။

သို့ရာတွင် ဂျပန်သိပ္ပံပညာရှင်များသည် ဂျီမီနီအမည်ရှိရေဒီယိုတယ်လီစကုပ်ကိုအသုံးပြု၍ ကြယ်စုဗဟိုချက်စွမ်းအင်နယ်မြေတစ်ခုကို လေ့လာခဲ့ရာ ရှေးဦးကြယ်ကြီးများ၏ ဓာတုဒြပ်စင်သဲလွန်စများကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။



အဆိုပါ ကြယ်စုဗဟိုချက်စွမ်းအင်နယ်မြေသည် စကြဝဠာကြီး စတင်ပေါ်ထွက်ပြီးနောက် နှစ်ပေါင်း သန်း ၇၀၀ အကြာတွင် ပေါ်ထွက်ခဲ့သည့် အာကာသနယ်မြေဖြစ်သည်။

အဆိုပါ နယ်မြေအတွင်းရှိ တိမ်တိုက်များ၌ သံနှင့်မဂ္ဂနီဆီယမ် ဒြပ်စင်များ ပါဝင်မှုအချိုးမှာ နေတွင်ပါဝင်သည့်အချိုးထက် ၁၀ ဆပိုမြင့်မားသည်ဖြစ်ရာ ၎င်းဒြပ်စင်များသည် စကြဝဠာခေတ်ဦးကြယ်များ၏ အကြွင်းအကျန်များဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။ KKO

## DART အာကာသယာဉ်နှင့် ဒီမောဖော့စ်ဂြိုဟ်သိမ် ဝင်တိုက်မှုဖြစ်စဉ်ကို နာဆာ၏ ဟက်ဘယ်နှင့်ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်နှစ်ခုစလုံးက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၃**

DART အာကာသယာဉ်နှင့် ဒီမောဖော့စ်ဂြိုဟ်သိမ် ဝင်တိုက်မှုဖြစ်စဉ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဟက်ဘယ်နှင့်ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်နှစ်ခုစလုံးက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း The Daily Mail သတင်းစာက အောက်တိုဘာ ၂ ရက်က ရေးသားတင်ပြထားသည်။

ဂြိုဟ်သိမ်လမ်းကြောင်းပြောင်းလဲရေးနည်းပညာ စမ်းသပ်မှုမစ်ရှင်အရ DART အာကာသယာဉ်က ဒီမောဖော့စ်ဂြိုဟ်သိမ်ကို ဝင်တိုက်မှုဖြစ်စဉ်ကို ဂျိမ်းစ်ဝက်ဘ်နှင့် ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်နှစ်ခုစလုံးက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

DART အာကာသယာဉ်ဖြင့် ဒီမောဖော့စ်ဂြိုဟ်သိမ်ကို ဝင်တိုက်မှုသည် ကမ္ဘာ့ပထမဆုံးသော ထိရိုက်မှုအားဖြင့် လမ်းကြောင်းရွှေ့လျားမှုနည်းပညာ စမ်းသပ်မှုဖြစ်ကြောင်း သိရသည်။

DART အာကာသယာဉ်က စက်တင်ဘာ ၂၆ ရက်က ဒီမောဖော့စ်ဂြိုဟ်သိမ်ကို ဝင်တိုက်မှုဖြစ်စဉ်ကို ဂျိမ်းစ်ဝက်ဘ်နှင့် ဟက်ဘယ် အာကာသ ရေဒီယိုတယ်လီစကုပ်တို့၏ ကင်မရာစနစ်များကတစ်ချိန်တည်းလိုလို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အာကာသရေဒီယိုတယ်လီစကုပ်နှစ်ခုသည် DART အာကာသယာဉ်နှင့် ဒီမောဖော့စ်ဂြိုဟ်သိမ်တို့ ဝင်တိုက်မှုဖြစ်စဉ်ကို သိပ္ပံပညာရှင်များ မမျှော်လင့်ထားသည့် ရှုထောင့်မျိုးဖြင့် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ထို့ပြင် ဂျိမ်းစ်ဝက်ဘ်နှင့်ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်တို့သည် ပထမဆုံးအကြိမ်အဖြစ် စကြဝဠာအတွင်းရှိ ပစ်မှတ်နေရာတစ်ခုတည်းကို တစ်ချိန်တည်းလိုလို ဓာတ်ပုံရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း နာဆာအဖွဲ့သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။KKO

# HEALTH

## စိတ်ကျရောဂါကုသရေးဆေးဝါးများ ရေရှည်သုံးစွဲမှုက နှလုံးရောဂါများဖြစ်နိုင်ခြေ မြင့်မားလာနိုင်

**လန်ဒန် အောက်တိုဘာ ၃**

စိတ်ကျရောဂါ ကုသရေးဆေးဝါးများ ရေရှည်စွဲအသုံးပြုမှုကြောင့် နှလုံးရောဂါများဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂ ရက်က ရေးသားတင်ပြထားသည်။

စိတ်ကျရောဂါ ကုသရေးဆေးဝါးများ (Antipressants) များသည် ကမ္ဘာတစ်ဝန်းသုံးစွဲမှုများပြားသည့် ဆေးဝါးဖြစ်သော်လည်း ၎င်းဆေးဝါးများ ရေရှည်သုံးစွဲမှု၏ ကျန်းမာရေးဆိုးကျိုးများကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။

သို့ရာတွင် ဗြိတိန်နိုင်ငံ ဘရစ္စတိုးလ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာချက်အရ စိတ်ကျရောဂါ ကုသရေးဆေးဝါးများ ရေရှည်သုံးစွဲမှုသည် နှလုံးကျန်းမာရေးပြဿနာများနှင့် ဆက်စပ်နေကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စိတ်ကျရောဂါ ကုသရေးဆေးများကို ငါးနှစ်မှ ၁၀ နှစ်ထိ ရေရှည်သုံးစွဲမှုသည် ဆီးချို၊ သွေးတိုး၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်ခြင်းနှင့် ဆက်စပ်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေ မြင့်တက်မှုနှင့် ဆက်နွှယ်နေကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် အသက် ၄၀ နှင့် ၆၉ နှစ်ကြား လူပေါင်း ၂၂၂၅၂၀ ဦးတို့၏ ကျန်းမာရေး အချက်အလက်များ၊ သုံးစွဲနေသည့် ဆေးဝါးများကို လေ့လာစိစစ်ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

KKO

## ကင်ဆာဆဲလ်ကူးစက်ပျံ့နှံ့မှုတွေ့ရှိချက်အသစ်ကြောင့် ကင်ဆာကုထုံး၏ထိရောက်မှုကို မြှင့်တင်နိုင်ဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၃**

ကင်ဆာဆဲလ်များ ကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်၍ တွေ့ရှိချက်သစ်တစ်ရပ်ကြောင့် ကင်ဆာကုထုံးများ၏ ထိရောက်မှုကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၂ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်နိုင်ငံ ကိန်းဘရစ်ကင်ဆာ သုတေသန အင်စတီကျူမှ သုတေသနပညာရှင်များ၏ အဆိုအရ ကင်ဆာဆဲလ်များသည် တစ်ကိုယ်လုံးကူးစက်ရေးအတွက် ကျန်းမာသည့်ဆဲလ်များ အသုံးပြုသော ဇီဝဖြစ်စဉ်တစ်ရပ်ကို ထိန်းချုပ်ထားနိုင်ကြောင်း သိရသည်။


ကိုယ်တွင်းအနှံ့ ကင်ဆာဆဲလ်များကူးစက်ပျံ့နှံ့ရာတွင် NALCN အမည်ရှိ ပရိုတင်းတစ်မျိုးမှာအဓိကအခန်းကဏ္ဍ၌ ပါဝင်နေကြောင်း ဗြိတိန် သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားသည်။

ကြွက်သတ္တဝါများဖြင့်ပြုလုပ်ခဲ့သော စမ်းသပ်မှုမှထွက်ပေါ်လာသည့် ရလဒ်များအရ NALCAN ပရိုတင်းများ၏ လှုပ်ရှားမှုကို ပိတ်ပင်ထားချိန်တွင် ကင်ဆာဆဲလ်များ ပျံ့နှံ့နေတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ကင်ဆာမရှိသည့် ကြွက်များမှ NALCAN ပရိုတင်းများကို ဖယ်ထုတ်လိုက်ချိန်တွင် ကျန်းမာသည့် ဆဲလ်များကလည်း မူရင်းတစ်ရှူးများမှ ခွာထွက်၍ ကိုယ်တွင်းရှိ အခြားအင်္ဂါအစိတ်အပိုင်းများထံ ရောက်သွားတတ်ကြောင်း သိရသည်။

သို့ဖြစ်ရာ လေ့လာတွေ့ရှိချက်အရ ကင်ဆာဆဲလ်များသည် ကိုယ်တွင်းအနှံ့ ကူးစက်ရေးအတွက် ကျန်းမာသည့်ဆဲလ်များ အသုံးပြုသည့် လုပ်ငန်းစဉ်ကိုပင် ထိန်းချုပ်အသုံးပြုနိုင်ကြောင်း သိရသည်။

KKO



# ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများနှင့်အစပြု

မောင်စိန်အိ (နဘဲမြေ)

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လိုလျှင် အဓိကအားဖြင့် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ကြရသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံရာတွင် နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်း မြင့်မားရေးသည် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့်မျိုးဆက်သစ်များ ပညာရည်မြင့်မားနေမှသာလျှင် ထိုနိုင်ငံသည် အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။ စင်စစ်အားဖြင့် နိုင်ငံတစ်နိုင်ငံ၏အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှု အဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထိုမျိုးဆက်သစ်များ ပညာရည်အဆင့်အတန်းမြင့်မားရေးအတွက် ပညာရည်ပြည့်ဝအောင်သင်ကြားပေးသူများသည် အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများပင်ဖြစ်ကြသည်။ ကျေးဇူးရှင် ဆရာ၊ ဆရာမများအနေဖြင့် ကလေးများကို ပညာသင်ကြားပေးရာတွင် စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသည့် နာသုံးနာအပြင် ရင်ဝယ်သားကဲ့သို့ မေတ္တာထား သင်ကြားပေးလေ့ရှိသည်။

**ကမ္ဘာ့ဆရာများနေ့**

ထိုသို့ ကျေးဇူးအနန္တနှင့်ပြည့်စုံသော ဆရာ၊ ဆရာမများကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် အောက်တိုဘာ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ထားရှိသည်။ ကမ္ဘာတစ်ဝန်းရှိ ဆရာများ၏ အရေးပါမှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာများ၏ ပါဝင်ဆောင်ရွက်နေမှုတို့ကို အသိအမှတ်ပြုသွားရန် ကျင်းပခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဆရာများနေ့အတွက် UNESCO မှ ချမှတ်ထားသော ဆောင်ပုဒ်သည် "THE TRANSFORMATION OF EDUCATION BEGINS WITH TEACHERS" "ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများနှင့်အစပြု" ဖြစ်သည်။ ပညာရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုဖော်ဆောင်ရာတွင် ဆရာ၊ ဆရာမများ၏အခန်းကဏ္ဍမှာ များစွာအရေးပါနေကြောင်း မီးမောင်းထိုးပြထားခြင်းဖြစ်သည်။

**လက်ဦးဆရာ**

လူတစ်ဦး၏ ဘဝတိုးတက်အောင်မြင်မှုသည် ငယ်စဉ်က ထိတွေ့ပညာသင်ယူခဲ့ရသော ဆရာ၊ ဆရာမများပေါ်တွင် များစွာမူတည်နေသည်။ လူတစ်ဦး၏ဘဝတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ ဆရာများစွာရှိသည်။ "လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ" ဆိုသလို ကျေးဇူးရှင် မိဘနှစ်ပါးသည် စာရေးသူတို့၏ လက်ဦးဆရာများပင်ဖြစ်သည်။ ဆိုရလျှင် မိဘနှစ်ပါးသည် ကျေးဇူးအကြီးမားဆုံးဆရာများပင် ဖြစ်သည်။ မိဘနှစ်ပါးသည် သား၊ သမီးများကို ငယ်စဉ်ကတည်းက ပေါင်းသင်းဆက်ဆံရေးနှင့် သွားလာနေထိုင်ရေးအပါအဝင် လူသားတစ်ဦး လိုက်နာကျင့်သုံးအပ်သော နီတိများကို လက်ထပ်သင်ကြားပေးခဲ့သည်။ ထို့ကြောင့် မိဘများ၏ သင်ကြားပြသမှုနည်းလမ်းများအတိုင်း လိုက်နာကျင့်ကြံပြုမူကြီးစားသူများသည် ဘဝတွင် အောင်မြင်မှုများ ဆွတ်ခူးနိုင်ကြသည်။ ထိုသဘောတရားကို မည်သူမျှ သံသယဝင်နေရန် လိုမည်မဟုတ်ပေ။

**ဆရာဆိုသည်မှာ**

ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ကထုတ်ထားသော မြန်မာအဘိဓာန်တွင် "ပညာသင်ကြားပေးသူ။ သွန်သင်ဆုံးမ နည်းလမ်းပြသူ။ အတတ်၊ လုပ်ငန်းတစ်ရပ်ရပ်တွင်ကျွမ်းကျင်သူ"ကို ဆရာဟူ၍ ဖွင့်ဆိုထားရှိသည်။ မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာသစ်တွင် "ရှေးရှုမေတ္တာ၊ ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍ ကျိုးလိုစိတ်ကဆုံးမတတ်သူ၊ ဆရာဟူလော့"ဟု ဆိုထားသည်။ ဆရာများသည် အိုးထိန်းသည်နှင့်လည်း တူနေသည်။ ခိုင်ခံ့သောအိုးကောင်းများ ထွက်ရှိရေးအတွက် အိုးများကို နာနာ တေပေးရသည်။ ထိုနည်းတူစွာ တပည့်များကို လူကောင်း၊ လူတော်များဖြစ်လာစေရေးအတွက် အမုန်းခံ၊ အပင်ပန်းခံ၊ အနစ်နာခံ သင်ကြားပြသပေးရသူများ ဖြစ်ကြသည်။

ထို့ပြင် "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့ ဆရာတို့




ကျင့်ဖို့ဝတ်ငါးဖြာ"ဆိုသော ကျင့်ဝတ်များအတိုင်း ကျင့်ကြံနေထိုင်ကြသူများမှာလည်း မြတ်ဆရာများသာဖြစ်ကြသည်။ ဆရာများသည် "ထကြွနိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု၊ ဤခြောက်ခု ကြီးသူဂုဏ်အင်္ဂါ"ဟူသော နာယကဂုဏ်ခြောက်ပါးနှင့်လည်း ပြည့်စုံကြသည်။ အထူးခြားဆုံးအချက်မှာ မြတ်ဆရာများသည် "သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ၊ ဩတ္တပ"ဟူသော သူတော်ကောင်းတရား ခုနစ်ပါးကိုလည်း လက်ကိုင်ထားကြသူများဖြစ်ကြသည်။ အမှန်စစ်စစ်မှာမူ ဆရာဆိုသည်မှာ တပည့်များကို ဘဝပန်းတိုင်သို့ ဖြောင့်ဖြောင့်ဖြူးဖြူး လျှော်ခတ်နိုင်ရန်အတွက် တည့်မတ်ထိန်းကျောင်းပေးလိုက်သော ပဲ့ကိုင်ရှင်များသာ ဖြစ်ကြသည်။

လူတစ်ဦး၏ဘဝတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဟူ၍ ဆရာများစွာရှိနေမည်ဖြစ်သည်။ "ဆရာများ သားသေ"ဆိုသော စကားသည် ဆေးပညာရပ်နှင့်သာ သက်ဆိုင်မည်ထင်ပါသည်။ ဆရာများစွာထံတွင် တပည့်ခံဖူးသောသူတစ်ဦးသည် ဘဝတွင်မတိုးတက်စရာ အကြောင်းမရှိချေ။ "ဆရာစား မချန်" ဆိုသည့်စကားအတိုင်း ဆရာများသည် ကိုယ့်တပည့်များကို တတ်သိသမျှ အိတ်သွန်ဖာမှောက် သင်ကြားပြသပေးနေသည့် စေတနာရှင်များသာဖြစ်ကြသည်။

**မန်းပျိုးလက်များ**

ကလေးငယ်တစ်ဦးသည် အသက် ငါးနှစ်ပြည့်လျှင် မိဘရင်ခွင်မှထွက်ကာ ပညာရင်နို့သောက်ရန် ကျောင်းစတက်ရသည်။ ကလေးငယ်တစ်ဦးသည် ကျောင်းစတင်တက်သည့်နေ့တွင် သူငယ်ချင်းအသစ်များ၊ နယ်ပယ်အသစ်တွင် စူးစမ်းစရာများစွာကို စတင်လေ့လာသင်ယူရသည်။ လက်ရှိအချိန်တွင် KG ပညာရေးစနစ်ကို ဖော်ဆောင်နေသဖြင့် ကလေးများသည် ကျောင်းစာကို ချက်ချင်းသင်ယူကျက်မှတ်ရန် မလိုအပ်သောကြောင့် ကျောင်းနေပျော်၍ စာတော်လာကြသည်။ ထို့ကြောင့် မိဘနှစ်ပါးပြီးလျှင် KG ဆရာ၊ ဆရာမများသည် ကလေးငယ်များပြုစုပျိုးထောင်သည့် နေရာတွင် များစွာအရေးပါလျက်ရှိသည်။ KG ဆရာမတစ်ဦးသည် နုလုံးသားနုနယ်သော ကလေးငယ်များကို အမျိုးမျိုးပုံသွင်းနိုင်စွမ်းရှိသည်။ ဆရာမ၏ စိတ်ဆန္ဒပေါ်တွင်သာ မူတည်နေမည်ဖြစ်သည်။ ဆိုရလျှင် KG အတန်းမှ ဆရာ၊ ဆရာမများသည် အနာဂတ်ကို အလှဆင်မည့်ပန်းများကို ပျိုးထောင်ပေးသူများပင်ဖြစ်သည်။ ဆရာ၊ ဆရာမများသည် ငွေကြေးခန မကြွယ်ဝသော်လည်း တပည့်မရှားသဖြင့် ပီတိကို စားပြီး အားရှိနေကြသူများသာဖြစ်သည်။ ဆရာ၊ ဆရာမများသည် စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသော နာသုံးနာနှင့်လည်း ပြည့်စုံလျက်ရှိကြသည်။ အထူးသဖြင့် အပြုသဘောဆောင်သော စိတ်ကောင်း စေတနာများ ပြည့်လျှံနေတတ်ပေသည်။

**ငယ်စဉ်ကဆရာများ**

စာရေးသူတို့သည် ငယ်စဉ်ကဘုန်းကြီးကျောင်းပညာရေးဖြင့် စတင်ခဲ့ရသည်။ ငယ်ဆရာများတွင် ရွာဦးကျောင်း ဆရာတော်လည်း ပါဝင်သည်။ စည်းကမ်းကြီးမားသော၊ စေတနာပြည့်ဝသော ဆရာတော်၏ကျေးဇူးကို အကြိမ်ကြိမ်အောက်မေ့ သတိရမိသည်။ အခြေခံပညာမူလတန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ယူချိန်တွင်လည်း ဆရာတော်ကိုယ်တိုင်လိုက်၍ အပ်နှံပေးသည်။ "ကျုပ်တပည့်တွေက မြန်မာစာနဲ့ သင်္ချာ အတော်လေးတတ်နေပြီ"ဟု ထောက်ခံချက်ပေးခဲ့သည်။ ဆရာတော်၏ကျေးဇူးကြောင့် ဒုတိယတန်း ဖတ်စာများကို အခက်အခဲမရှိ သင်ယူနိုင်ခဲ့သည်။

ထိုစဉ်က ဒုတိယတန်းမှ စတင်ပညာသင်ယူခဲ့ရသည်။ ကျောက်သင်ပုန်းနှင့် ကျောက်တံကိုသာ အသုံးပြုခဲ့ရသည်။ သို့သော် ဆရာ၊ ဆရာမများ၏ အရည်အသွေးပြည့်ဝမှု၊ အသင်အပြကောင်းမွန်မှုနှင့်စေတနာပြည့်ဝမှုတို့ကြောင့် မူလတန်းဘဝက သင်ယူခဲ့ရသည့် တချို့သောအကြောင်းအရာများကို ယနေ့အချိန်ထိ မှတ်မိနေဆဲပင်ဖြစ်သည်။ ကျောက်သင်ပုန်းဖြင့် စာရေးပြီး ချက်ချင်းဖျက်ခဲ့ရသော်လည်း သင်ပြပေးသော စာများမှာ ဦးနှောက်ထဲတွင် စွဲကျန်နေခဲ့သည်။ စေတနာအပြည့်ပါပြီး အသင်အပြကောင်းသော ဆရာ၊ ဆရာမများ၏ ကျေးဇူးတရားများကြောင့် မူလတန်းဖတ်စာများမှ အချို့သောကဗျာများကို လက်ရှိအချိန်ထိ မှတ်မှတ်ထင်ထင် ရှိနေသည်။

တတိယတန်းမှစ၍ ဇလာစာအုပ်နှင့် ခဲတံအသုံးပြုရသည်။ နဝမတန်းရောက်မှသာ ဘောပင်နှင့် ဖောင်တိန် အသုံးပြုခွင့်ရသည်။ ထိုစဉ်က စာရေးကိရိယာနှင့် ကျောင်းသုံးဖတ်စာအုပ်များ ရှားပါးသဖြင့် မိသားစုတိုင်းတွင် ကလေးများသည် ဖတ်စာအုပ်များကို တစ်နှစ်ပြီးတစ်နှစ် လက်ဆင့်ကမ်းကိုင်ခဲ့ကြရသည်။ ထိုစဉ်က ဆရာ၊ ဆရာမများသည် စာအသင်အပြကောင်းသည့်အပြင် စည်းကမ်းအရာမှာလည်း စံနမူနာပြများ ဖြစ်ကြသည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူအားလုံးသည် ဝတ်စားဆင်ယင်မှု၊ ပြောဆိုနေထိုင်မှု၊ စာအုပ်ကိုင်တွယ်မှု၊ ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းရေးဆောင်ရွက်မှုတို့တွင် စည်းကမ်းသေဝပ်ကြသည်။ အထူးသဖြင့် အတန်းတင်စာမေးပွဲများကို မရိုးသားသော နည်းလမ်းများ အသုံးပြုရန်မလိုအပ်ဘဲ အခက်အခဲမရှိ ဖြေဆိုအောင်မြင်ကြသည်။ ငယ်စဉ်က ဆရာ၊ ဆရာမများ၏ ကြီးမားသော ဂုဏ်ကျေးဇူးများပင် ဖြစ်သည်။

**အသက်ကိုပင် ဖွန့်လွှတ်ထား**

လက်ရှိအချိန်တွင် နိုင်ငံရေးအစွန်းရောက်သူများ၊ CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် သင်ကြားရေးတာဝန် ထမ်းဆောင်နေသော ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား နိုင်ငံတော်အစိုးရ၏ ပညာရေးစနစ်ကို ဆန့်ကျင်ရန် လှုံ့ဆော်ခြင်းနှင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ ပြုလုပ်လျက်ရှိသည်။ ထို့ပြင် ကလေးငယ်များ ပညာသင်ကြားရေးတွင် အခက်အခဲဖြစ်စေရန် စာသင်ကျောင်းများကို မီးရှို့ခြင်း၊ မိုင်းထောင်ခြင်း၊ ဗုံးခွဲခြင်းများ ပြုလုပ်ခဲ့သည့်အပြင် ဆရာ၊ ဆရာမများကိုလည်း စာပေသင်ကြားမှု မပြုလုပ်နိုင်စေရန် ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းနှင့် နှောင့်ယှက်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သောကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည်။ လူမဆန်သော လုပ်ရပ်များပင်ဖြစ်သည်။ ထိုလုပ်ရပ်မျိုးကို နိုင်ငံတကာတွင်လည်း မတွေ့ရပေ။ ကျေးဇူးရှင် ဆရာ၊ ဆရာမများအတွက် များစွာ စိတ်မကောင်းဖြစ်ရသည်။ သို့သော် ဆရာ၊ ဆရာမများသည် တိုင်းပြည်အတွင်း ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များ မလစ်ဟင်းရအောင် အသက်ကိုပင်လျှင် ပဓာနမထားဘဲ အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိကြသည်။

**ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများနှင့်အစပြု**

စင်စစ်အားဖြင့် မြန်မာလူမှုအသိုက်အဝန်းတွင် ဆရာ၊ ဆရာမများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ "ဆရာမပြ နည်းမကျ" ဆိုသလို ဆရာ၊ ဆရာမများသည် တပည့်များ၏စံပြပုဂ္ဂိုလ်များပင် ဖြစ်သည်။ "ဆရာစား မချန်"ဆိုသည့် စကားအတိုင်း ဆရာများသည် ကိုယ့်တပည့်များကို တတ်သိသမျှ အိတ်သွန်ဖာမှောက် သင်ကြားပြသပေးနေသည့် စေတနာရှင်များသာ ဖြစ်ကြသည်။ ထို့ပြင် တိုင်းပြည်တည်ဆောက်ရာတွင်လည်း အခရာကျလျက်ရှိသည်။ ထို့ကြောင့် မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးအတွက် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှု ဖော်ဆောင်ရာတွင် ဆရာ၊ ဆရာမများနှင့်သာ အစပြု အကောင်အထည်ဖော်သွားမည်ဆိုလျှင် အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း "ကမ္ဘာ့ဆရာများနေ့"ကို ဂုဏ်ပြုရေးသားအပ်ပါသည်။

# ဟိုင်းကြီးကျွန်းမြို့တွင် ဆီထွက်သီးနှံမြေပဲ ၃၀၆၂ ဧက စိုက်ပျိုးမည်



**ငပုတော အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၃၀၆၂ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမြေပဲ ၃၀၆၂ ဧက စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးထားကြောင်း၊ အဆိုပါ ဆီထွက်သီးနှံလျာထားချက် ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အခွန်ကောက်ခံမှုနှင့် ပတ်သက်၍ နိုင်ငံတကာနှင့် အာဆီယံထက် မိမိတို့နိုင်ငံသည် နှုန်းထားအသက်သာဆုံးဖြစ်ကြောင်း၊ **အစိုးရအနေဖြင့် အခွန်ပေါ်တွင်မူတည်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရခြင်းဖြစ်**ကြောင်း၊ နိုင်ငံတကာထက် အခွန်နှုန်းများ များပြားနေသည်များရှိပါက သတင်းပို့ဆောင်ရွက်ကြစေလိုကြောင်း၊ **အစွန်တိမ်းရောင်းသူများ မရှိစေရန်လည်း ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး အစွန်းများကိုလည်း မှန်မှန်ကန်ကန်ပေးဆောင်စေလို**ကြောင်း၊ **နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်နှင့်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်**ကြောင်းဖြင့် တိုက်တွန်းဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ၏ လုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ မြန်မာ့ရိုးရာလက်မှုထုတ်ကုန်များ၊ ကျောက်မျက်ရတနာထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့်ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကိုမေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် တာဝန်ခံများက လိုက်လံရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

> **မွေးမြူရေးကုန်ကြမ်းများအားလုံး ပြည်တွင်း၌ လုံလောက်စွာရှိပြီးဖြစ်သော်လည်း အရည်အသွေးပြည့်မီရန်လိုနေသေး၊ မွေးမြူရေးကို မိရိုးဖလာမွေးမြူရေးထက် စနစ်ကျနသည့်မွေးမြူရေးဖြစ်ရန်လို၊ ဘဝရပ်တည်ရေးအတွက် ပညာသည်မရှိမဖြစ်လိုအပ်သည့် အရာဖြစ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ပေးရမည်ဖြစ်. . .**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။**

> **ဝယ်လိုအားနှင့် ရောင်းလိုအား ကွာဟမှုများကြောင့် ငွေကြေးတန်ဖိုးတက်လာခဲ့ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုများဖြစ်ပေါ်လာမည်ဖြစ်၊ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို စိတ်ဝင်စားမှုရှိရမည်ဖြစ်ပြီး စီးပွားရေးသည် နိုင်ငံတစ်ခု၏ အသက်ပင်ဖြစ်ပြီး နိုင်ငံ့စီးပွားရေးပြိုကွဲပါက နိုင်ငံပြိုကွဲမည်ဖြစ်ကာ နိုင်ငံရေးမတည်ငြိမ်မှုများကိုလည်းဖြစ်ပေါ်စေမည်ဖြစ်၊ နိုင်ငံတစ်ခုတွင် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အား၊ ကာကွယ်ရေးမောင်းနှင်အားများလိုအပ်ပြီး စီးပွားရေးကောင်းမွန်မှသာ နိုင်ငံတည်ငြိမ်မည်ဖြစ်. . .**

☆ ကျောဖုံးမှအဆက်

“နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ”၏ တတိယအကြိမ်အစည်းအဝေးတွင် ဗဟိုကော်မတီ ပထမအကြိမ်နှင့် ဒုတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ရှင်းလင်းတင်ပြပေးနိုင်ရေးနှင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း။

ဗဟိုကော်မတီ အစည်းအဝေးများ ကျင်းပဆောင်ရွက်ပြီး ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကဏ္ဍများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ခဲ့သည့် ရလဒ်များအဖြစ် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု အစီအစဉ် (Integrated Coastal Management-ICM)ဖော်ထုတ်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းနိုင်ခဲ့မှု၊ ပင်လယ်ပြင်ညစ်ညမ်းမှုထိန်းချုပ်ရေးဥပဒေ အပြီးသတ်ရေးသားနိုင်ခဲ့မှု၊ အဏ္ဏဝါဂေဟစနစ်တန်ဖိုးမြင့်မားပြီး ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝသည့်နေရာများကို ငါးမဖမ်းရနယ်မြေများသတ်မှတ်နိုင်ခဲ့မှု၊ ပင်လယ်ကမ်းရိုးတန်းဒေသ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ဒီရေတောများ၊ ကြိုးဝိုင်း-ကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့မှု၊ ကိုကိုးကျွန်းအပါအဝင် ကမ်းရိုးတန်းမြို့နယ် ၆၀ ၌ ဒီရေတောနှင့် အရိပ်ရပင်တစ်အုပ်တစ်မစိုက်ခင်းများ တည်ထောင်စိုက်ပျိုးနိုင်ခဲ့မှု၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၏ ဦးဆောင်ကြီးကြပ်မှုနှင့် ပင်လယ်ပြင်ဥပဒေစိုးမိုးရေးမြှင့်တင်ဆောင်ရွက်နိုင်ခဲ့မှု စသည်တို့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်းသယံဇာတများသည် နိုင်ငံရေရှည်ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများစွာ ဖန်တီးပေးနိုင်သည့် သဘာဝသယံဇာတများအဖြစ် ရှုမြင်ပြီး သားစဉ်မြေးဆက်ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်အောင် စီမံအုပ်ချုပ်ရန် ရည်မှန်းထားရှိကြောင်း၊ ထိုသို့စီမံအုပ်ချုပ်သည့်အခါ ကမ္ဘာ့နိုင်ငံများနှင့် ဒေသတွင်းမိတ်ဖက်နိုင်ငံများ ဖော်ထုတ်ဆောင်ရွက်နေသည့် စီးပွားရေးနှင့် ပတ်ဝန်းကျင်ရေးရာလုပ်ငန်းနယ်ပယ်များ၏ ဖွံ့ဖြိုးရေးမူဝါဒများ၊ သဘောတရားများနှင့်လည်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ၂၀၃၀ ပြည့်နှစ် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရည်မှန်းချက်(၁၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ကမ္ဘာ့နိုင်ငံများက အပြာရောင်စီးပွားရေး(Blue Economy) သဘောတရားများ ဖော်ထုတ်ဆောင်ရွက်လာခဲ့ပြီး ဒေသတွင်းမိတ်ဖက်နိုင်ငံများ၌လည်း အကောင်အထည်ဖော်ဆောင်ရွက်လာကြသည်ကို လေ့လာတွေ့ရှိရကြောင်း။

အပြာရောင်စီးပွားရေး၏ဆိုလိုရင်းမှာ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့်အတူ ပင်လယ်၊ သမုဒ္ဒရာသယံဇာတများကို အသုံးချရေးနှင့်ထိန်းသိမ်းရေးကို ဟန်ချက်ညီစွာဆောင်ရွက်ပေးပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှုများရရှိရေးအတွက် ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် စီမံအုပ်ချုပ်သည့်စနစ်တစ်ရပ်ဖြစ်ကြောင်း။

အပြာရောင်စီးပွားရေး၏ အခြေခံသဘောတရား နှစ်ရပ်မှာ သဘာဝသယံဇာတများကိုကာကွယ်ခြင်း၊ ပြန်လည်တည်ထောင်ခြင်းနှင့် ပင်လယ်၊ သမုဒ္ဒရာနှင့် ကမ်းရိုးတန်းများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးနိုင်သော စီးပွားရေးလုပ်ငန်းများ၊ အခွင့်အလမ်းများအားလုံးကို စနစ်တကျအသုံးချခြင်းတို့ရရှိအောင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ အပြာရောင်စီးပွားရေး ဖော်ထုတ်နိုင်မည့်အလားအလာကို သုံးသပ်ရလျှင် နိုင်ငံ၏ကမ်းရိုးတန်းသည် ကီလိုမီတာ ၂၈၀၀ ကျော်ရှည်လျားပြီး ဘင်္ဂလားပင်လယ်အော်ဒေသ ဂေဟစနစ်တစ်ခုလုံး၏ ငါးပုံတစ်ပုံကို ပိုင်ဆိုင်ထားခြင်း၊ သဲသောင်ကမ်းခြေဂေဟစနစ်၊ ဒီရေတောဂေဟစနစ်၊ သန္တာကျောက်တန်းဂေဟစနစ်၊ ပင်လယ်မြက်ခင်းဂေဟစနစ် စသည့်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များ စုံလင်စွာတည်ရှိခြင်း၊ ရေထွက်ကုန်အမျိုးမျိုးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးထုတ်ယူအသုံးပြုနိုင်သည့် အခြေအနေရှိခြင်း၊ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများဆောင်ရွက်နိုင်ခြင်း၊ ပုလဲထုတ်ယူခြင်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့များရေရှည်ထုတ်ယူနိုင်မည့် အလားအလာကောင်းများရှိခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းအတွက် အချက်အချာကျပြီး နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းများနှင့် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးနိုင်ခြေရှိခြင်း၊ လေစွမ်းအင်ကဲ့သို့ ကမ်းရိုးတန်းအခြေပြု ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးနိုင်ခြင်း၊ ဒီရေတောနှင့် ပင်လယ်သမုဒ္ဒရာက ထိန်းသိမ်းထားသည့် အပြာရောင်ကာဗွန်သိုလှောင်နိုင်မှုရှိခြင်း၊ သဘာဝအတိုင်း တည်ရှိနေသည့်ကမ်းခြေနှင့် ကျွန်းများရှိပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနိုင်ခြင်း၊ ကမ်းရိုးတန်းနေ တိုင်းရင်းသားများ၏ စုံလင်သည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း စသည့် သဘာဝတရား၏ အခွင့်အလမ်းများစွာကို စနစ်တကျနှင့် ဖော်ထုတ်အသုံးပြုသွားကြရမည်ဖြစ်ကြောင်း။

အပြာရောင်စီးပွားရေးသည် အခွင့်အလမ်းများစွာရှိသကဲ့သို့ စိန်ခေါ်မှုများ အနေဖြင့် မြန်မာနိုင်ငံ၏အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ၊ သန္တာကျောက်တန်းများ၊ ဒီရေတောများ၊ ပင်လယ်မြက်ခင်းများ၊ ငါးပုစွန်ရေထွက်သယံဇာတများ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေရသည့်အပေါ် ဖြေရှင်းဆောင်ရွက်ရန်၊ ၎င်းတို့၏အကျိုးဆက်အနေဖြင့် အစားအစာလုံခြုံစိတ်ချမှုများ လျော့ပါးလာခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လျော့နည်းလာခြင်းကို ဖြေရှင်းဆောင်ရွက်ရန်၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာစိန်ခေါ်မှုများကို လျှော့ချနိုင်ရန်၊ ပင်လယ်အတွင်း ပလတ်စတစ်အမှိုက်များ၊ e-waste များ၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ စသည့်အမှိုက်စွန့်ပစ်မှုများ ထိန်းချုပ်ရန် စသည့်လက်ရှိစိန်ခေါ်မှုများကို ထိထိရောက်ရောက် အလေးထားဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (Belt and Road Initiative) နိုင်ငံများစာရင်းတွင်ပါဝင်ပြီး ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမနှင့်ပိုးလမ်းမစီးပွားရေးရပ်ဝန်းသစ်တွင် ပထဝီဝင်မဟာဗျူဟာအရလည်းကောင်း၊ ပထဝီဝင်စီးပွားရေးအရလည်းကောင်း အလွန်အရေးပါသည့် နိုင်ငံအဖြစ်ရပ်တည်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ပင်လယ်ရေကြောင်းပိုးလမ်းမ၏အဓိကစီးပွားရေးစင်္ကြံ ခြောက်ခုအနက် ဘင်္ဂလားဒေ့ရှ်- တရုတ်- အိန္ဒိယ -မြန်မာ စီးပွားရေးစင်္ကြံအတွင်းကျရောက်လျက်ရှိပြီး တောင်အာရှနှင့် အရှေ့တောင်အာရှဗဟိုဆုံချက်အဖြစ်တည်ရှိနေကြောင်း။

အိန္ဒိယသမုဒ္ဒရာနှင့် တရုတ်နိုင်ငံ၏ကုန်းတွင်းပိတ် ပြည်နယ်များအကြား ပင်လယ်ထွက်ပေါက်အဖြစ် တည်ရှိခြင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းကို အသုံးပြုခြင်းဖြင့် တရုတ်နိုင်ငံမှ တောင်အာရှ-အနောက်အာရှ၊ အာဖရိကနှင့် ဥရောပနိုင်ငံများနှင့် ရေကြောင်းဆက်သွယ်မှုအကွာအဝေး ကီလိုမီတာ ၅၀၀၀ ခန့် လျှော့ချပေးနိုင်ခြင်းတို့အပြင် အိန္ဒိယနိုင်ငံနှင့် ပင်လယ်ထွက်ကုန်အပါအဝင် ကုန်စည်ပို့ဆောင်ရေးအတွက်ပါ မြန်မာ့ကမ်းရိုးတန်းရှိ ဆိပ်ကမ်းများက အလွန်အရေးပါလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံ၏စီးပွားရေး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပင်လယ်ကမ်းရိုးတန်းသယံဇာတများကို အမြော်အမြင်ကြီးစွာစီမံအုပ်ချုပ်နိုင်ရေး သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများက ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

အပြာရောင်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများကို ဖော်ထုတ်ဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများကိုသာ ဦးတည်ခြင်းမျိုးမဟုတ်ဘဲ ဖြေရှင်းဆောင်ရွက်ရမည့်စိန်ခေါ်မှုများကို ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်နိုင်မည့်မူဝါဒများပေါ်ထွက်လာစေရေး အလေးထားလေ့လာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်း အခြေပြုရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အပြာရောင်စီးပွားရေးဆိုင်ရာမူဝါဒများဖော်ထုတ်ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံကောင်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းတည်ထောင်လျက်ရှိကြောင်း။

ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသူများနှင့် တည်ထောင်သူများအကြား ထိထိရောက်ရောက် ညှိနှိုင်းပေါင်းစပ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် “နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ”၊ “လုပ်ငန်းကော်မတီ”၊ “ပင်လယ်ကမ်းရိုးတန်းဒေသ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများ”နှင့် ခရိုင်အဆင့်ကော်မတီများကိုဖွဲ့စည်းပြီးဖြစ်၍ ညှိနှိုင်းပေါင်းစပ်ရေးဆိုင်ရာ မဟာဗျူဟာမြောက် အခြေခံကောင်းများ ရှိနေပြီဖြစ်ကြောင်း၊ အပြာရောင်စီးပွားရေးဖွံ့ဖြိုးအောင် ဆောင်ရွက်ရာတွင် ပင်လယ်ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ်ကို ဖော်ထုတ်ချမှတ် အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ICM အစီအစဉ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ရေးဆွဲလျက်ရှိပြီး အတည်ပြုရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ICM အစီအစဉ်၏ အန္တိမရည်မှန်းချက်သည် “မြန်မာ့ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများကို နိုင်ငံ၏သဘာဝအရင်းအမြစ်အဖြစ်တန်ဖိုးထားရမည်၊ အဆိုပါသယံဇာတများကို အကျိုးဆက်စပ်ပတ်သက်သူအားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် ထိန်းသိမ်းရေးနှင့်ဖွံ့ဖြိုးရေးရည်ရွယ်ချက်များ ဟန်ချက်ညီမျှရေးမှု၊ သဘာဝနှင့်လူသားတို့ကြောင့် ထိခိုက်နိုင်မှုအပေါ် တုံ့ပြန်ကာကွယ်နိုင်စွမ်းကို မြှင့်တင်ရေးမှု၊ အားလုံးပါဝင်မှုဖြင့် လက်ရှိနှင့်အနာဂတ်မျိုးဆက်များအတွက် ရေရှည်ဖွံ့ဖြိုးရေးမှုများကိုအခြေခံ၍ အကျိုးရှိစွာ အသုံးချနိုင်ရေး”တို့ဖြစ်ကြောင်း။

မြန်မာ့ ICM ကို စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ အဖွဲ့အစည်းနှင့် အုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းဂေဟစနစ်ကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ သုတေသနနှင့် ကြီးကြပ်စစ်ဆေးခြင်း၊ အားလုံးပါဝင်သော စီမံအုပ်ချုပ်ခြင်းနှင့် အကျိုးအမြတ်ခွဲဝေခံစားခြင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍနှင့် တာဝန်သိတာဝန်ခံသော စီးပွားရေးလုပ်ငန်းများ ချိတ်ဆက်၍ ဆောင်ရွက်ခြင်း စသည့်မဟာဗျူဟာလုပ်ငန်းစဉ် (၆)ရပ်အပေါ် အခြေပြုဆောင်ရွက်ရန် ရေးသားထားပြီးကြောင်း။

သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ ICM အစီအစဉ် ရေးသားပေးနေသည့် အပြည်ပြည်ဆိုင်ရာ သဘာဝအရင်းအမြစ်များထိန်းသိမ်းရေးအဖွဲ့ ပညာရှင်က ICM ဆိုင်ရာဒေသတွင်းနိုင်ငံများ၏ နမူနာကောင်းများကို ၂၀၂၂ ခုနှစ် ဩဂုတ် ၂ ရက်တွင် ကျင်းပခဲ့သည့် လုပ်ငန်းကော်မတီ (ဒုတိယအကြိမ်)အစည်းအဝေးတွင် လေ့လာတင်ပြခဲ့ပြီးဖြစ်သကဲ့သို့ ICM အပေါ် ဗဟိုကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များက အကြံပြုထားသည့် အချက်များကို လေ့လာပြင်ဆင်နိုင်ရေးနှင့် အတည်ပြုရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည့်အတွက် မကြာမီ ICM ကိုအတည်ပြုနိုင်တော့မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ICM အစီအစဉ်ပေါ်ထွက်လာစေခြင်းဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့်အဏ္ဏဝါသယံဇာတများ ဘက်စုံစီမံအုပ်ချုပ်ရန်နှင့် အပြာရောင်စီးပွားရေး ဖွံ့ဖြိုးစေရန် လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်မည့်အစီအမံများဆိုင်ရာ မဟာဗျူဟာမြောက်လမ်းညွှန်အဖြစ် ရည်ညွှန်းကိုးကားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ပင်လယ်ကမ်းရိုးတန်းသယံဇာတများ စီမံအုပ်ချုပ်ခြင်းအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပြဋ္ဌာန်းဆောင်ရွက်ပြီးဖြစ်သကဲ့သို့ ခေတ်ကာလအလိုက် လိုအပ်သည့် ဥပဒေ၊ မူဝါဒအသစ်များကို ရေးဆွဲဖော်ထုတ်လျက်ရှိကြောင်း။

ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသ ဥပဒေစိုးမိုးရေးလုပ်ငန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့်အတူ သက်ဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ ခေတ်ကာလအရ နိုင်ငံတော်က တိုးမြှင့်ဆောင်ရွက်နိုင်သည့် အခြေအနေနှင့်အညီ ကမ်းခြေစောင့်တပ်ဖွဲ့ကဲ့သို့ အဖွဲ့အစည်းများ တိုးချဲ့ဖွဲ့စည်းပေးပြီး ဥပဒေစိုးမိုးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ မဟာဗျူဟာမြောက် အခြေခံကောင်းများကိုလည်း ဖော်ထုတ်ဆောင်ရွက်လျက်ရှိသည့်အတွက် အပြာရောင်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့်နိုင်ငံတစ်နိုင်ငံဖြစ်ရာ ရှည်လျားသည့် ကမ်းရိုးတန်းတစ်လျှောက်တွင် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများ ပေါကြွယ်ဝပြီး အဆိုပါသယံဇာတများမှ နိုင်ငံ့စားနပ်ရိက္ခာ ဖူလုံရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အဓိကအခန်းကဏ္ဍမှ ပံ့ပိုးပေးလျက်ရှိကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျဆင်းသွားသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်တိုးတက်ရေး အလေးပေးဆောင်ရွက်လျက်ရှိပြီး စီးပွားရေးဆိုင်ရာ ဦးတည်ချက် (၃)ရပ်နှင့်အညီ ပင်လယ်ကမ်းရိုးတန်းနှင့်အဏ္ဏဝါသယံဇာတ စီမံအုပ်ချုပ်ရေးနှင့် စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သည့်အတွက် ကျေးလက်ကိုအခြေခံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးနိုင်မှသာ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမှုနှင့်အတူ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်ဖြစ်သည့်အတွက် ပင်လယ်ကမ်းရိုးတန်းဒေသနေ ကျေးလက်ပြည်သူများ၏ စိုက်ပျိုးမွေးမြူရေးဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ တိုးတက်ရေးကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံနိုင်ငံ့ခေါင်းဆောင်များ၏ အပြာရောင်စီးပွားရေးဆိုင်ရာ ကြေညာချက်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပခဲ့သည့် ၃၈ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကထုတ်ပြန်ခဲ့သည့် ကိုဗစ်-၁၉ ကာလအလွန် အာဆီယံဒေသတွင်းပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ရန် နှိုးဆော်ထားရှိမှုကို ဒေသတွင်း ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် စီမံချက်များ ဖော်ထုတ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။ ထိုသို့ စီမံဆောင်ရွက်ရာတွင် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီစီမံခန့်ခွဲမှုဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များရရှိရေး ဦးတည်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတ ကာကွယ်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် ဒေသတွင်းအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပင်လယ်ကမ်းရိုးတန်းနှင့်အဏ္ဏဝါသယံဇာတများထိန်းသိမ်းရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဝန်ကြီးဌာနများအလိုက် ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသဆိုင်ရာ အသိပညာပေးဗီဒီယိုကိုပြသသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး(ကိုယ်စား) သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက်ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

# TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထံ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ရန် သွားရောက်မည့် တရားခံများကို ဖမ်းဆီးရမိ



လှိုင်မင်းထွန်း



ညီညီထွန်း



ဟိန်းမင်းဦး



သန့်ဇင်ထွန်း



ထက်ပိုင်လင်း



မျိုးမြင့်မြတ်



ဝေယံဦး



ဇေနေထွန်း



အောင်ဇော်ဟိန်း



ခိုင်းထက်အောင်



ကျော်ဇင်ထက်



ကေလာ

**နေပြည်တော် အောက်တိုဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများအနေဖြင့် လူငယ်၊ လူရွယ်များကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံသို့ ပို့ဆောင်၍ အကြမ်းဖက်ဖောက်ခွဲရေး သင်တန်းများ တက်ရောက်စေကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင်အဆောက်အအုံများကို မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်မှုများ မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့၊ ညမပြတ် စုံစမ်းထောက်လှမ်း ဖော်ထုတ်ဖမ်းဆီးမှုများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂ ရက် ညနေပိုင်းတွင် ကျောက်မဲမြို့နယ် Oriental တိုးဂိတ်၌ မန္တလေးမြို့မှ ကျောက်မဲမြို့ဘက်သို့ ထွက်ခွာလာသည့် "ရွှေလိပ်ပြာ" ခရီးသည်တင်ယာဉ်လိုင်းမှ ယာဉ်မောင်း **လှိုင်မင်းထွန်း** မောင်းနှင်သည့် ယာဉ်အမှတ် CC-8581 Wingroad အမျိုးအစား ခဲရောင်မော်တော်ယာဉ်ကို ရှာဖွေစစ်ဆေးခဲ့ရာ TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထံ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတက်ရောက်ရန် သွားရောက်မည့် တရားခံများဖြစ်သော **ညီညီထွန်း၊ သန့်ဇင်ထွန်း၊ ဟိန်းမင်းဦး၊ ထက်ပိုင်လင်း၊ မျိုးမြင့်မြတ်၊ ကျော်ဇင်ထက်၊ ခိုင်းထက်အောင်၊ အောင်ဇော်ဟိန်း၊ ဝေယံဦးနှင့် ဇေနေထွန်း**တို့ ၁၀ ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ယင်းနေ့ညပိုင်းတွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်မည့်သူများကို ချိတ်ဆက်ပို့ဆောင်ပေးမည့် တရားခံ ကေလာကို ကျောက်မဲမြို့ အမှတ်(၈)ရပ်ကွက်ရှိ ကားဝင်း၌ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖြစ်စဉ်တွင် စုစုပေါင်းတရားခံအမျိုးသား ၁၂ ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံ **ညီညီထွန်း၊ သန့်ဇင်ထွန်း၊ ဟိန်းမင်းဦး၊ ထက်ပိုင်လင်း၊ မျိုးမြင့်မြတ်၊ ကျော်ဇင်ထက်၊ ခိုင်းထက်အောင်၊ အောင်ဇော်ဟိန်း၊ ဝေယံဦးနှင့် ဇေနေထွန်း**တို့ ၁၀ ဦးသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ဖမ်းဆီးရန်ကျန် တရားခံ သန်းဝင်းအောင်(ခ)ပေါကြီး ခေါင်းဆောင်သည့် ဘုတလင်မြို့နယ် ပိုးကုန်းကျေးရွာရှိ PDF အမည်ခံ အကြမ်းဖက်အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ပိုးကုန်းကျေးရွာ၏ အနောက်ဘက်တောအတွင်း၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်းကို ၁၀ ရက်ခန့် တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ အောက်တိုဘာ ၂ ရက်တွင် **ညီညီထွန်း**ပါ ၁၀ ဦးတို့သည် ဖမ်းဆီးရန်ကျန်တရားခံ **သန်းဝင်းအောင်(ခ)ပေါကြီး**၏ ချိတ်ဆက်ပို့ဆောင်ပေးမှုဖြင့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထံ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ရန် ဘုတလင်မြို့မှ မန္တလေးမြို့သို့ ခရီးသည်တင်ယာဉ်ဖြင့်လာရောက်ခဲ့ပြီး မန္တလေးမြို့သို့ရောက်ရှိစဉ် ဖမ်းဆီးရန် ကျန်တရားခံ **သန်းဝင်းအောင်(ခ)ပေါကြီး**က ကြိုတင်ချိတ်ဆက်ထားသည့် "ရွှေလိပ်ပြာ" ယာဉ်လိုင်းမှ ယာဉ်မောင်း **လှိုင်မင်းထွန်း** လာရောက်ခေါ်ဆောင်သည့် မော်တော်ယာဉ်ဖြင့် ကျောက်မဲမြို့သို့ ဆက်လက်ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။



အကြမ်းဖက်သင်တန်း တက်ရောက်မည့် တရားခံများ စီးနင်းလာသည့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိတရားခံ **လှိုင်မင်းထွန်း**သည် **ညီညီထွန်း**ပါ ၁၀ ဦးတို့ကို မန္တလေးမြို့မှ ကျောက်မဲမြို့သို့ ပို့ဆောင်ပေးရန် **သန်းဝင်းအောင်(ခ)ပေါကြီး**ထံမှ ငွေကျပ်သုံးသိန်း လက်ခံရရှိခဲ့ကြောင်း၊ ထို့ပြင် ကျောက်မဲမြို့သို့ရောက်ရှိပါက **ကေလာ**မှတစ်ဆင့် ကျောက်မဲမြို့နယ် တော့ဆန်ကျေးရွာသို့ ဆက်လက်ပို့ဆောင်၍ TNLA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့ထံ၌ အကြမ်းဖက် ဖောက်ခွဲရေးသင်တန်းကို တက်ရောက်မည်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံ၌ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တက်ရောက်ရန် သွားရောက်မည့်သူများနှင့် ကူညီဆောင်ရွက်ပေးသူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁၅)ရပ်ကွက်နေ အောင်ပိုက်ဌေးလွင်သည် ၎င်းအသုံးပြုသည့် "Aung Pite Htay Lwin" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ (အထစ)များကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများ မရှိစေရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိ

မိဘပြည်သူများအနေဖြင့် အောက်ဖော်ပြပါနိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများကို သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်-

၁။ **နိုင်ငံသားစိစစ်ရေးကတ်**

(က) နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်သတင်းပို့ဖြေရှင်းရမည်။

(ခ) အသက် ၁၀ နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသောသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် သွားရောက်ပြုလုပ်ခြင်း၊ ပန်းခင်းစီမံချက်များဖြင့်ပြုလုပ်ခြင်းများကို ဆောင်ရွက်နိုင်သည်။

(ဂ) အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပြီးသော်လည်း သတ်မှတ်ထားသော အသက်အပိုင်းအခြားအတိုင်း ပြန်လည်လဲလှယ်ရန်လိုအပ်ပါသည်။

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များကွဲလွဲမှုရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။

(င) နိုင်ငံသားစိစစ်ရေးကတ် တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်း မပြုရ၊ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်ထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများကို ပယ်ဖျက်စာရင်းသွင်းပါမည်။

(စ) အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား (အမတ) ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်သို့ ပြောင်းလဲရမည်။ (ပြောင်းလဲခွင့်ရှိသူများသာ)။

(ဆ) မိမိနိုင်ငံသားစိစစ်ရေးကတ်ကို အခြားသူတစ်ဦးမှ ကိုင်ဆောင်ထားသည်ဟု သံသယရှိပါက သက်ဆိုင်ရာမြို့နယ် လဝကရုံးများတွင် သွားရောက်သတင်းပို့ရမည်။

၂။ **ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်း(အထစ)**

(က) ပုံစံ ၆၆/၆ (အထစ) ပျောက်ဆုံး၊ ပျက်စီးနေသူများသည် သက်ဆိုင်ရာမြို့နယ် လဝကရုံးများသို့ သွားရောက်သတင်းပို့ ဖြေရှင်းရမည်။

(ခ) ပုံစံ ၆၆/၆ (အထစ)တွင်ပါဝင်သော အိမ်ထောင်စုဝင်များသည် နိုင်ငံသားစိစစ်ရေးကတ်ရရှိပါက နိုင်ငံသားစိစစ်ရေးကတ်အမှတ်အား မြို့နယ်လဝကရုံးများတွင် မဖြစ်မနေဖြည့်သွင်းရမည်။

(ဂ) ပုံစံ ၆၆/၆ (အထစ) အချက်အလက်များနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ အချက်အလက်များ ကွဲလွဲနေပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် သွားရောက်ပြင်ဆင်ရမည်။ (ဥပမာ- နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ အမည်၊ မွေးသက္ကရာဇ်၊ အဖအမည်၊ အမိအမည်)။

(ဃ) ပုံစံ ၆၆/၆ (အထစ)တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ဖြေရှင်းရမည်။ (ဥပမာ-ပုသိမ်တွင် အထစပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)။ ၁-၁၁-၂၀၂၂ ရက်ထိ ပုံစံ ၆၆/၆ (အထစ) အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ)ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များကို ပယ်ဖျက်စာရင်းသွင်းပါမည်။

(င) ပုံစံ ၆၆/၆ (အထစ)အချက်အလက်များ (ပြောင်းဝင်၊ ပြောင်းထွက်၊ မွေးဖွား၊ သေဆုံးခြင်း)၊ ပြောင်းလဲမှုရှိသည့်အခါတိုင်း သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်၍ နောက်ဆုံးအခြေအနေနှင့်အညီ ပြင်ဆင်မှုများကို ဆောင်ရွက်ရမည်။

(စ) မည်သည့်အရပ်ဒေသတွင်မှ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ (အထစ) မရှိသေးသူများသည် နီးစပ်ရာမြို့နယ် လဝကရုံးများသို့ သတင်းပို့၍ ပန်းခင်းစီမံချက်အရ စိစစ်ဆောင်ရွက်ပေးမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ ၅၂ သန်းကျော်ကို စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများကို နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

# ပြည်သူလူထုလုံခြုံရေးအတွက် ဖုန်း SIM Card များ မှတ်ပုံတင်ခြင်းကို ပြန်လည်စစ်ဆေးမည်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ စိစစ်ချက်များအရ SIM Card အသုံးပြုသူအချို့သည် အမည်၊နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် စသည့်အချက်အလက်များကို မှန်ကန်စွာဖြည့်စွက်ခြင်းမရှိဘဲ အသုံးပြုလျက်ရှိနေကြသည်ကို တွေ့ရှိနေရပါသည်။

၂။ ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြု ကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ ၅၂ သန်းကျော်အား National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ ထို့ကြောင့် SIM Card မှတ်ပုံတင်ပြုလုပ်ရာတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးသွားမည်ဖြစ်သည့်အတွက် သုံးစွဲသူအများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏မှတ်ပုံတင်**(မူရင်း)**ဖြင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့ကို မှန်ကန်စွာဖြည့်စွက်၍ စနစ်တကျမှတ်ပုံတင်နိုင်ပြီးမှသာ အသုံးပြုကြရန်လိုအပ်ပါသည်။ လက်ရှိအသုံးပြုနေသည့် SIM Card များတွင် အချက်အလက်များကို မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါ SIM Cardများကို အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် ပိတ်သိမ်းSIM Card များရှိ လက်ကျန်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အသိပေးဖော်ပြပါသည်။

၃။ ဆက်သွယ်ရေးအော်ပရေတာများနှင့် SIM Card ရောင်းချသူများအနေဖြင့်လည်း SIM Card များရောင်းချရာတွင်လည်းကောင်း၊ အချက်အလက်များ မှန်ကန်စွာပြန်လည်ပြင်ဆင်မှတ်ပုံတင်ရာတွင်လည်းကောင်း ညွှန်ကြားချက်များနှင့်အညီ စနစ်တကျဆောင်ရွက်သွားရန်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် မိမိတို့၏ SIM Card အသုံးပြုသူများထံသို့ SMS ပေးပို့၍ သတိပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သုံးစွဲသူအများပြည်သူများအနေဖြင့် SIM Card များ ဝယ်ယူအသုံးပြုရာတွင် မိမိတို့၏အချက်အလက်များကို မှန်ကန်စွာဖြည့်စွက်၍ မှတ်ပုံတင်ဝယ်ယူသုံးစွဲကြပါရန်နှင့် လက်ရှိအသုံးပြုလျက်ရှိသော SIM Card များကိုလည်း အချက်အလက်မှန်ကန်စွာမှတ်ပုံတင်ထားခြင်းရှိ၊ မရှိ ပြန်လည်စစ်ဆေး၍ မမှန်ကန်ပါက မိမိတို့အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် သက်ဆိုင်ရာမိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များ၊ Mobile Shop များတွင်လည်းကောင်း အချက်အလက်မှန်ကန်စွာဖြင့် ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ ပြန်လည်ပြင်ဆင်မှတ်ပုံတင်၍ သုံးစွဲကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# တရားမဝင်ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ မရှိစေရေး မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းအပါအဝင် အခြားလုပ်ငန်းများကို အဆင့်မြှင့်တင်နိုင်ရန်အတွက် အချက်အလက်များပြည့်စုံစွာဖြည့်စွက်နိုင်ရန်လိုအပ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လုံခြုံ၍စွမ်းရည်ပြည့်ဝသော အမျိုးသားငွေပေးချေမှုစနစ်တစ်ရပ် ပေါ်ပေါက်လာစေရန် ဆောင်ရွက်လျက်ရှိရာ နည်းပညာများတိုးတက်လာသည်နှင့်အမျှ မိုဘိုင်းငွေပေးချေမှုများမှတစ်ဆင့် ငွေကြေးလွှဲပြောင်းဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ကြပြီဖြစ်ပါသည်။

သို့ရာတွင် မသမာသူများမှ အချက်အလက်များ မှန်ကန်စွာဖြည့်စွက်ခြင်းမရှိဘဲ မိုဘိုင်းငွေပေးချေမှုအချို့ကိုအသုံးချ၍ မသမာသည့်နည်းလမ်းဖြင့် တရားမဝင် ငွေလွှဲပြောင်းမှုများနှင့် ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ငွေကြေးလိမ်လည်မှုများကြောင့် အများပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် ဆက်သွယ်ဆောင်ရွက်သူများအနေဖြင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များကို မှန်ကန်ပြည့်စုံစွာဖြည့်သွင်းထားမှသာလျှင် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် နယ်စပ်ဖြတ်ကျော်ငွေပေးချေမှုများဆောင်ရွက်ရာတွင်လည်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်သွားရန်လိုအပ်လျက်ရှိပါသည်။

ယခုအခါ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ ၅၂ သန်းကျော်ကို National Database တည်ဆောက်၍ စာရင်းသွင်းပြီးဖြစ်ပါသည်။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ဆောင်ရွက်ရသည့် အီလက်ထရောနစ်စနစ်ဖြင့် ဆက်သွယ်ဆောင်ရွက်သူများ ကောင်းစွာသိရှိခြင်း (Electronic - Know Your Customer (e-KYC)) လုပ်ငန်းစဉ်အား နိုင်ငံတကာစံနှုန်းများနှင့်အညီ မိုဘိုင်းငွေကြေးစာရင်းများတွင် ဖြည့်စွက်ထားသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆင်းမ်ကတ်နံပါတ်တို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database နှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆင်းမ်ကတ်မှတ်ပုံတင်ခြင်း ဒေတာဘေ့စ် (SIM Registration Database)များရှိ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် အသုံးပြုသူများအနေဖြင့် ဆက်သွယ်ဆောင်ရွက်သူများကို ကောင်းစွာသိရှိခြင်း (KYC)အချက်အလက်များ ပြည့်စုံစွာဖြည့်စွက်သွားရန် လိုအပ်ပါသည်။ အချက်အလက်ဖြည့်သွင်းခြင်းကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့် မိုဘိုင်းငွေကြေးစာရင်းများကို အပြီးတိုင်ပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဘဏ်ဦးဆောင်မှုပုံစံဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းပေးဝန်ဆောင်မှုလုပ်ငန်းများ၊ မိုဘိုင်းဘဏ်လုပ်ငန်းဆောင်ရွက်ခွင့်ရရှိထားသော ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့်စနစ် ဝန်ဆောင်မှုလုပ်ငန်း စသည့် မိုဘိုင်းငွေပေးချေမှုအသုံးပြုသူများအနေဖြင့် နီးစပ်ရာကိုယ်စားလှယ်(Agent)များ၊ ဘဏ်များသို့သွားရောက်၍ မိမိတို့၏ကိုယ်ရေးအချက်အလက်များအား အဆင့် ၂ (Level 2)အဆင့်သို့ ဆက်လက်ထုတ်ပြန်မည့် သတ်မှတ်ရက်မတိုင်မီ အဆင့်မြှင့်တင်ရန်လိုအပ်ပါသည်။ မိုဘိုင်းငွေကြေးဝန်ဆောင်မှုပေးသူများအနေဖြင့် KYC ကို Level 1 မှ Level 2 သို့ အဆင့်မြှင့်တင်နိုင်ရေးအတွက် သုံးစွဲသူများထံသို့ SMS ပေးပို့ခြင်းအား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆင့် ၂ (Level 2)သို့ တိုးမြှင့်လိုခြင်းမရှိသော မိုဘိုင်းငွေကြေးစာရင်းပိုင်ရှင်များအနေဖြင့် မိမိတို့လက်ကျန်ငွေများအား အသုံးပြုနိုင်မည့်နည်းလမ်းများကို ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# PDF အမည်ခံ အကြမ်းဖက်သမားများက မောင်တောခရိုင်ပညာရေးမှူးကို အကြောင်းမဲ့သတ်ဖြတ်

**နေပြည်တော် အောက်တိုဘာ ၃**

NUG ၊ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များကို မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်းစသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂ ရက် ည ၆ နာရီတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြို့သူကြီးရပ်ကွက် ဘူးသီးတောင်-မောင်တောကားလမ်းဘေးရှိ မောင်တောခရိုင်ပညာရေးမှူးရုံးဝင်းအတွင်းရှိ နှစ်ထပ်ဆောင်၌ မောင်တောခရိုင် ပညာရေးမှူးဖြစ်သူ ဒေါ်မြင့်မြင့်စန်း ၆၀နှစ် (ဘ) ဦးမြဘူးအား အကြမ်းဖက်သူ အမျိုးသားသုံးဦးက အကြောင်းမဲ့ ဓားဖြင့် ဝိုင်းဝန်းထိုးနှက်သတ်ဖြတ်ခဲ့သဖြင့် ဒေါ်မြင့်မြင့်စန်းတွင် ဓားဒဏ်ရာများ ရရှိခဲ့ကာ မောင်တောမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

# တရားမအထူးအယူခံမှု လေးမှု စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှု ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၃**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးတင်ဟုန်၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကိုတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၂၁/ ၂၀၂၁(ရှမ်း)၊ ၂၂/ ၂၀၂၁(ရှမ်း)၊ ၂၃/ ၂၀၂၁(ရှမ်း)၊ ၂၄/ ၂၀၂၁(ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်ခဲ့သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၀/ ၂၀၂၀(မန္တလေး)၊ ၄/ ၂၀၂၂(ရခိုင်)၊ ၂၅/ ၂၀၂၂(ရန်ကုန်)၊ ၂၈/ ၂၀၂၂ (မန္တလေး)၊ ၂၉/ ၂၀၂၂(မန္တလေး)စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# PDF အမည်ခံ အကြမ်းဖက်သမားများက မုံရွာမြို့အတွင်း ရမ်းသန်းပစ်ခတ်ခဲ့ခြင်းကြောင့် သံဃာတော် တစ်ပါး ထိခိုက်ဒဏ်ရာရရှိ၊ အမျိုးသားနှစ်ဦး သေဆုံး၊ တစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်အတွင်း PDFအမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့်ရမ်းသန်းပစ်ခတ်ခဲ့ခြင်းကြောင့် သံဃာတော် တစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အမျိုးသား နှစ်ဦး သေဆုံးခဲ့ပြီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့ညနေပိုင်းတွင် မုံရွာမြို့အတွင်း တည်ငြိမ်အေးချမ်းရေးလုံခြုံရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းတာဝန် ထမ်းဆောင်လျက်ရှိရာ ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် နန္ဒဝန်ရပ်ကွက်အတွင်းသို့ ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက AD Van အမျိုးအစား မော်တော်ယာဉ်ပေါ်မှ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ရမ်းသန်းပစ်ခတ်ခဲ့ခြင်းကြောင့် နန္ဒဝန်ရပ်ကွက်အတွင်းရှိ သံဃာတော်တစ်ပါးတွင် စိုးရိမ်ရဒဏ်ရာရရှိခဲ့ပြီး၊ အမျိုးသားနှစ်ဦး သေဆုံးကာ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဒဏ်ရာရရှိခဲ့သူများကို မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးလျက်ရှိပြီး သေဆုံးမှုနှင့်ပတ်သက်၍ မုံရွာမြို့ မြို့မရဲစခန်း၌ သေမှုသေခင်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ သံဃာတော်အပါအဝင် အရပ်သားပြည်သူများ ထိခိုက်သေဆုံးသည်အထိ နှောင့်ယှက်ပစ်ခတ်ခဲ့သော PDF အမည်ခံ အကြမ်းဖက်သမားများကို ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံပိတ်ဆို့ရှာဖွေစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**မုံရွာမြို့ နန္ဒဝန်ရပ်ကွက်အတွင်းPDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့ခြင်းကြောင့် သံဃာတော် တစ်ပါး ထိခိုက်ဒဏ်ရာ ရရှိမှု မှတ်တမ်းဓာတ်ပုံ။**



# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်၌ ပြည်နှင်ဆောင်ရွက်မည့် တရုတ်နိုင်ငံသား ခုနစ် ဦးကို လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့(စိစစ်ဆဲ)က ဖမ်းဆီးခေါ်ဆောင်

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့နယ်၌ပြည်နှင်ဆောင်ရွက်မည့်တရုတ်နိုင်ငံသားဂုဦးကို လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့(စိစစ်ဆဲ)က ဖမ်းဆီးခေါ်ဆောင်သွားမှုအခြေပြမြေပုံ




**နေပြည်တော် အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်၌ ပြည်နှင်ဆောင်ရွက်မည့် တရုတ်နိုင်ငံသား ခုနစ်ဦးကို လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့(စိစစ်ဆဲ)က ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂ ရက် နံနက် ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်မှ လူဝင်မှုကြီးကြပ်ရေးဦးစီးမှူး ဦးထွန်းအောင်လှိုင်၊ လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဦးနိုင်မိုးဇော်၊ စဉ့်ကူးမြို့နယ်မှ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူးများဖြစ်သည့် ဦးကျော်စိုးခိုင်နှင့် ဦးခိုင်ဇော်မျိုးတို့သည် တရုတ်နိုင်ငံသို့ ပြည်နှင်ဆောင်ရွက်မည့် တရုတ်နိုင်ငံသားများဖြစ်ကြသည့် Pan Han Bing ၂၅ နှစ် (ဘ)Pan Jin Lang ၊Lin Zhen Fen ၂၅ နှစ် (ဘ)Lin Jin Wen ၊ Yang Jun Feng ၃၂ နှစ် (ဘ)Yang Gao Jun ၊ Liu Fei Feng ၂၅နှစ် (ဘ)Liu Jin Xlang၊ Sheng Bao ၂၄နှစ် (ဘ)Chen Sul Chen ၊ Yan Bin ၂၂နှစ် (ဘ)Yan Yuan Fheng၊Zhouli ၂၃နှစ်(ဘ) ZhoWelving တို့ ခုနစ်ဦးကို မန္တလေးတိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးဦးစီးရုံးမှ လားရှိုးမြို့ရှိ ဒုတိယပြည်နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးရုံးသို့ ပို့ဆောင်ရန် ယာဉ်မောင်း ဦးဝင်းရွှေမောင်းနှင်သည့် “ချမ်းသာအောင်”ခရီးသည်တင်ယာဉ်လိုင်းမှ 6K/2052 SUPER CUSTOM ယာဉ်ဖြင့် ထွက်ခွာလာခဲ့သည်။

ထိုသို့ထွက်ခွာလာစဉ် နံနက် ၁၀နာရီခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် လွယ်ခေါ်ကျေးရွာအနီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၁၁၄ မိုင် ၆ ဖာလုံအရောက်၌ လက်ပစ်ဗုံးကိုင်ဆောင်ထားသည့် လက်နက်ကိုင်သောင်းကျန်းသူနှစ်ဦး (စိစစ်ဆဲ)က လားရာတူနောက်မှ ဆိုင်ကယ်တစ်စီးဖြင့် မောင်းနှင်ရောက်ရှိလာပြီး ၎င်းတို့စီးနင်းလာသည့် မော်တော်ယာဉ်အားရပ်တန့်ခိုင်းခဲ့ကြောင်း၊ ထပ်မံ၍ လက်နက်ကိုင်သောင်းကျန်းသူ တစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့်ရောက်ရှိလာကာ ၎င်းတို့ကို မော်တော်ယာဉ်နှင့်အတူတောအတွင်းသို့ မောင်းနှင်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး တောလမ်းတစ်နေရာအရောက်တွင် ဦးထွန်းအောင်လှိုင်၊ ဦးနိုင်မိုးဇော်၊ ဦးကျော်စိုးခိုင်နှင့် ဦးခိုင်ဇော်မျိုးတို့ လေးဦးကို ပြန်လည်စေလွှတ်ပေးခဲ့သဖြင့် ဦးခိုင်ဇော်မျိုးနှင့် ဦးနိုင်မိုးဇော်တို့ နှစ်ဦးမှာ နောင်ချိုမြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံးသို့လည်းကောင်း၊ ဦးထွန်းအောင်လှိုင်နှင့် ဦးကျော်စိုးခိုင်တို့ နှစ်ဦးမှာ ကျောက်မဲမြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံးသို့လည်းကောင်း ကားကြုံဖြင့် အသီးသီးပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပြည်နှင်ဆောင်ရွက်မည့် တရုတ်နိုင်ငံသားများကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် လက်နက်ကိုင်သောင်းကျန်းသူများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် ဖမ်းဆီးခေါ်ဆောင်ခံရသူ တရုတ်နိုင်ငံသားများကို ရှာဖွေကယ်ဆယ်နိုင်ရေးနယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲဖြိုးကြား

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားက မိုင်းကာကွယ်ရေးသုံး ဘီးတပ်သံချပ်ကာယာဉ်သစ်များကို ယူကရိန်းတွင် တပ်ဖြန့်ခဲ့



ရုရှားစစ်ဘက်သည် Typhoon-VDV K-4386၊ 4x4 မိုင်းကာကွယ်ရေးသုံး ဘီးတပ်သံချပ်ကာယာဉ်သစ်များ အပါအဝင် ၎င်းတို့၏နောက်ဆုံးထုတ် မျိုးဆက်သစ်သံချပ်ကာယာဉ်သစ်များ ယူကရိန်းတွင် တပ်ဖြန့်အသုံးပြုခဲ့ကြောင်း စက်တင်ဘာ ၃၀ ရက်တွင် "Saif_CH @CH19845854" တွစ်တာအကောင့်မှ လွှင့်တင်ထားသည့် ဗီဒီယိုတစ်ခုအရ သိရသည်။

အဆိုပါ သံချပ်ကာယာဉ်အသစ်များကို ရုရှားနိုင်ငံ Kamaz လက်အောက်ခံကုမ္ပဏီ Remdiesel က ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှစတင်ခဲ့သော ယူကရိန်းပဋိပက္ခစတင်ချိန်မှစ၍ ရုရှားတပ်ဖွဲ့များသည် လေကြောင်းရန်ကာကွယ်ရေး၊ အမြောက်နှင့် ဒုံးကျည်၊ အမြောက်အတွဲလိုက်ပစ်စနစ်များ၊ Iskander-M တာတိုပစ် ပဲ့ထိန်းဒုံးကျည်၊ အီလက်ထရွန်နစ်စစ်ဆင်ရေး၊ အုပ်ချုပ်ထောက်ပံ့ရေးတပ်ဖွဲ့များ စသည်ဖြင့် ၎င်းတို့၏စစ်ရေးစွမ်းအားအပြည့်အဝ တပ်ဖြန့်အသုံးပြုခဲ့ကြသည်။

ထို့ပြင် ရုရှားသည် လေကြောင်းချီတပ်များ၊ တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်အုပ်များ အများအပြားကို ယခုနှစ် ဖေဖော်ဝါရီလတွင် စုစည်းဖြန့်ကြက်ခဲ့ပြီး ကနဦးစစ်ဆင်ရေးအပိုင်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့လိမ့်မည်ဟု လေ့လာသူတချို့က ကောက်ချက်ချထားခဲ့ကြသည်။

မကြာသေးမီလများက ယူကရိန်းပိုင်နက်၌ တိုက်ပွဲများအတွင်း ရုရှားစစ်ဘက်သည် ၎င်း၏ကာကွယ်ရေးစက်မှုလုပ်ငန်းမှ တီထွင်ထုတ်လုပ်ထားသော နောက်ဆုံးပေါ် T-90M၊ T-80BVM၊ 2S19-SM2၊ BMPT၊ Buk-M3 ကဲ့သို့သော နည်းဗျူဟာမြောက် ဒုံးကျည်စနစ်အသစ်များ၊ ပင်မတိုက်ပွဲဝင်တင့်ကားများ၊ သံချပ်ကာယာဉ်များ၊ အမြောက်စနစ်များ၊ လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များကို တပ်ဖြန့်အသုံးပြုခဲ့သည်။

Typhoon-VDV K-4386 သည် Kamaz ၏ လက်အောက်ခံ Remdiesel မှ တီထွင်ဖန်တီးထားသည့် မျိုးဆက်သစ် 4x4(လေးဘီးယက်) မိုင်းအကာအကွယ် သံချပ်ကာယာဉ်ဖြစ်သည်။ ရုရှားနိုင်ငံ မော်စကိုမြို့အနီး၌ ၂၀၁၉ ခုနှစ် ဩဂုတ်လက ပြုလုပ်ခဲ့သည့် စစ်ဘက်နည်းပညာ ဖိုရမ်တွင် အဆိုပါသံချပ်ကာယာဉ်ကို လူသိရှင်ကြား ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့သည်။

Typhoon-VDV K-4386 ၏ ဒီဇိုင်းသည် ရှေ့ဘက်တွင် အင်ဂျင်ပါရှိသော ခေတ်မီ ဘီးတပ်သံချပ်ကာယာဉ်အတွက် စံပြဖွဲ့စည်းပုံဒီဇိုင်းဖြစ်ပြီး အလယ်တွင် တပ်ဖွဲ့ဝင်များ၊ နောက်ဘက်တွင် တပ်ဖွဲ့ဝင်များအပြင် ကုန်ပစ္စည်းများထားသိုနိုင်ရန် ဖွဲ့စည်းတည်ဆောက်ထားသည်။ သံချပ်ကာယာဉ် ကိုယ်ထည်၏ရှေ့ဘက် ဘေးတစ်ဖက်တစ်ချက်စီတွင် တံခါးပေါက်တစ်ခုစီတပ်ဆင်ထားသည်။ တပ်ဖွဲ့ဝင်များသည် နောက်ဘက်တွင်ရှိသော တံခါးပေါက်မှတစ်ဆင့် ယာဉ်အတွင်းဝင်ထွက်သွားလာနိုင်သည်။ လူအင်အားဖွဲ့စည်းပုံအနေဖြင့် ယာဉ်မောင်းနှင့် တပ်မှူးတစ်ဦးအပါအဝင် တပ်ဖွဲ့ဝင် ရှစ်ဦးထိ လိုက်ပါတာဝန်ထမ်းဆောင်နိုင်သည်။ Typhoon-VDV K-4386 ၏ခေါင်မိုးတွင် 30mm 2A4 စက်အမြောက် တစ်လက်နှင့် 7.62mm PKTM တင့်ကားသုံး စက်သေနတ်တစ်လက်တို့ တပ်ဆင်ထားသည့် EPOCH အဝေးထိန်းလက်နက်စခန်းတစ်ခုပါရှိသည်။

Typhoon-VDV K-4386 သည် မြင်းကောင်ရေ ၄၅၀ အား ထုတ်ပေးသည့် ဒီဇယ်အင်ဂျင်ဖြင့် မောင်းနှင်ထားပြီးမြန်နှုန်းကိုးချက်ပါ ဂီယာအုံနှင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ သံချပ်ကာယာဉ်သည် အများဆုံးလမ်းအမြန်နှုန်း တစ်နာရီ ကီလိုမီတာ ၁၃၀ ဖြင့်မောင်းနှင်နိုင်ပြီး အများဆုံးခရီးအကွာအဝေး ကီလိုမီတာ ၁၀၀၀ ထိ မောင်းနှင်နိုင်သည်။

**Russia deploys in Ukraine new Typhoon-VDV K-4386 airborne mine-protected armored vehicles ကို ဘာသာပြန်ဆိုပါသည်။**

## ပြင်သစ်က ဒိန်းမတ်အတွက်စီစဉ်ထားသော CAESAR ဟောင်ဝစ်ဇာအသစ်ခြောက်စီး ယူကရိန်းသို့ပေးပို့ရန်အဆင်သင့်ဖြစ်နေ

ပြင်သစ်နိုင်ငံသည် ဒိန်းမတ်နိုင်ငံအတွက် ပို့ဆောင်ရန်စီစဉ်ထားသော 8x8 ဘီးတပ် CAESAR 155mm self-propelled ဟောင်ဝစ်ဇာအသစ်ခြောက်စီးကို ယူကရိန်းသို့ပေးပို့ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၁ ရက်နေ့ ပြင်သစ်သတင်းစာ "Le Monde" ဝက်ဘ်ဆိုက်ကထုတ်ဝေသည့် အချက်အလက်များအရ သိရသည်။

အဆိုပါ 8x8 ဘီးတပ် CAESAR 155mm self-propelled ဟောင်ဝစ်ဇာ အသစ် ခြောက်စီးပေးပို့ခြင်းကို ပြင်သစ်သမ္မတ Emmanuel Macron၊ ယူကရိန်းသမ္မတ Volodymyr Zelensky နှင့် ဒိန်းမတ်ဝန်ကြီးချုပ် Mette Frederiksen တို့ကြား မကြာသေးမီရက်သတ္တပတ်များက ဆွေးနွေးခဲ့ကြသည်ဟု ပြင်သစ်သတင်းစာ "Le Monde" ဝက်ဘ်ဆိုက်တွင် ရေးသားထားသည်။

မေ ၂၂ ရက်က ပြင်သစ်သမ္မတ Emmanuel Macron က ပြင်သစ်လုပ် CAESAR 155mm self-propelled ဟောင်ဝစ်ဇာများနှင့် သောင်းနှင့်ချီသော ကျည်များအပါအဝင် ယူကရိန်းသို့ စစ်ရေးအကူအညီများပေးအပ်ခဲ့ကြောင်း ကြေညာခဲ့သည်။ ထို့ပြင် ဇွန် ၁၆ ရက်က ကီယက်ဗ်သို့ အလည်အပတ်ရောက်ရှိစဉ် ပြင်သစ်သမ္မတ Emmanuel Macron က ပေးပို့ထားပြီးဖြစ်သည့် ၁၂ စီးအပြင် CAESAR 155mm ဟောင်ဝစ်ဇာအမြောက်ခြောက်စီးကို ထပ်မံပံ့ပိုးပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ပြင်သစ်စစ်ဘက်မှ သတိပေးချက်ကြောင့် သမ္မတ Emmanuel Macron က ပြင်သစ်စစ်ဘက်ပိုင် CAESAR ဟောင်ဝစ်ဇာများကို ထပ်မံမပေးအပ်လိုတော့ပေ။ ယူကရိန်းသို့ပေးပို့ထားပြီးဖြစ်သော CAESAR 6x6 ဟောင်ဝစ်ဇာအမြောက်ယာဉ် ၁၈ စီးသည် ပြင်သစ်စစ်ဘက်၏ လက်နက်တိုက်မှ ပံ့ပိုးပေးအပ်ခဲ့ခြင်းလည်းဖြစ်သည်။ ယူကရိန်းပဋိပက္ခမဖြစ်မီ ပြင်သစ်စစ်ဘက်တွင် CAESAR ဟောင်ဝစ်ဇာအမြောက် ၇၆ စီးရှိပြီး ယူကရိန်းပံ့ပိုးမှုအတွက် ၎င်း၏အမြောက်တိုက်ပွဲဝင်နိုင်မှုစွမ်းရည်၏ လေးပုံတစ်ပုံကို စွန့်လွှတ်ခဲ့ရကြောင်း သတင်းရရှိခဲ့သည်။

CAESAR ၏ 8x8 ဟောင်ဝစ်ဇာအသစ်များသည် CAESAR အမြောက်အုပ်စုရှိ 155mm ဘီးတပ်ယာဉ်တင်ဟောင်ဝစ်ဇာအမြောက် အမျိုးအစား၏ ဒုတိယမျိုးဆက်လည်းဖြစ်သည်။

CAESAR ၏ 8x8 ဗားရှင်းနှင့်ရုရှားစစ်ဘက်ကို တိုက်ခိုက်ရန်အတွက် ယူကရိန်းစစ်ဘက်တွင် အသုံးပြုထားပြီးဖြစ်သော 6x6 ဘီးတပ် အမြောက်ယာဉ်များကို နှိုင်းယှဉ်ပါက နောက်ဆုံးထွက်ဗားရှင်းသည် ရွှေ့လျားစစ်ကစားနိုင်မှု၊ အကာအကွယ်နှင့် ပစ်ခတ်နိုင်စွမ်းကို ပိုမိုကောင်းမွန်ကြောင်းလည်းဆိုသည်။ ရွှေ့လျားစစ်ကစားနိုင်မှုအရ ဒိန်းမတ်သို့ရောင်းချထားသည့် CAESAR ဗားရှင်းသည် မြေပြင်အခြေအနေအားလုံးတွင် ရွှေ့လျားစစ်ကစားနိုင်စွမ်းမြင့်မားသော 8x8 စစ်ထရပ်ကား ကိုယ်ထည်ကို အခြေခံထားသည်။ အဆိုပါ 8x8 ဟောင်ဝစ်ဇာသည် တိုက်ခိုက်ရေးအလေးချိန် ၃၂ တန်ခန့်ရှိပြီး CAESAR 6x6 ပုံစံဖြင့် အမြောက်ကျည် ၁၈ တောင့် သယ်ဆောင်နိုင်သည့်အစား ကျည် ၃၆ တောင့်ထိ သယ်ဆောင်တိုက်ပွဲနိုင်သည်။



8x8 self-propelled howitzer CAESAR သည် 6x6 ဗားရှင်းတွင် တပ်ဆင်ထားသော အမြောက်နှင့်ဆင်တူသည့် 155mm/L52 52 caliber howitzer အမြောက်တစ်လက် ပါရှိသည်။ တစ်မိနစ်လျှင် ကျည်ခြောက်တောင့်အများဆုံးပစ်ခတ်နိုင်ပြီး အလိုအလျောက်ကျည်ထိုး၊ ကျည်ထုတ်စနစ်ဖြင့် အပြည့်အဝလုပ်ဆောင်နိုင်မည်ဖြစ်သည်။ ပြင်သစ်စစ်ဘက်မှ LU 122 high-explosive base bleed (BB) ခဲယမ်းနှင့် Hollow Base (HB) အမြောက်ကျည်များကို တပ်ဆင်ပစ်ခတ်နိုင်မည့်အပြင် CAESAR ဟောင်ဝစ်ဇာအသစ်သည် အများဆုံးအကွာအဝေး ၅၈ ကီလိုမီတာထိ ရောက်ရှိနိုင်သည့် Rheinmetall Denel Munitions Velocity အဆင့်မြှင့်တင်ထားသော တာဝေးပစ် VLAP အမြောက်ကျည်ကိုလည်း အသုံးပြု တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

**France will deliver to Ukraine 8 CAESAR howitzers in 8x8 configuration which were planned for Denmark ကို ဘာသာပြန်ဆိုပါသည်။**

မင်းမျိုး

# ဘဝကို တန်ဖိုးထား

**ရွာသားဖိုးမောင်**

ကံကောင်းတယ်ပဲပြောမလား၊ ကံဆိုးတယ်ပဲပြောမလား။ လူ့အဖွဲ့အစည်းတစ်ခု တိုးတက်ဖွံ့ဖြိုးဖို့ဆိုရင် လူသားအရင်းအမြစ်တွေ ပြည့်စုံဖို့ရာက အခြေခံကျလှပါတယ်။ လူသားတွေကို ပြုစုပျိုးထောင်ပေးနိုင်တာကတော့ ရှေးခေတ် ရဟန်းသံဃာတော်တွေက နှစ်ပေါင်း ၇၀၀၊ ၈၀၀ လက်ဆင့်ကမ်း တာဝန်ယူပြီး တိုင်းသူပြည်သားတွေ ကလေးသူငယ်အရွယ်ကတည်းက ဘာသာစကား၊ ဘာသာတရား၊ ကျင့်ဝတ်နီတိ၊ လိမ္မာယဉ်ကျေး၊ သတ္တိသွေးလည်း ပြည့်ဝအောင် ဦးဆောင်သင်ကြားလေ့ကျင့်သွားခဲ့တယ်။

ဗြိတိသျှနယ်ချဲ့ ကိုလိုနီလက်အောက်ကျရောက်ခဲ့ရတဲ့အခါ ထိုအချိန်က မြန်မာနိုင်ငံရဲ့ စာတတ်မြောက်မှုရာခိုင်နှုန်းဟာ အင်္ဂလန်က ပြည်သူပြည်သားတွေထက်တောင် ပိုများနေသေးတယ်ဆိုပါလား။ အင်္ဂလိပ်အုပ်ချုပ်သူတွေဟာ မြန်မာပြည်ရဲ့ လူတိုင်းနီးပါး စာတတ်မြောက်မှုအရေအတွက် ကြီးမားမြင့်မားတာကို အတော်လေးစားအံ့သြခဲ့ကြပါသတဲ့။

လူဦးရေ မများလှပေမဲ့ ဘာသာ၊ သာသနာ၊ ရဟန်းသံဃာတွေရဲ့ လောကီ၊ လောကုတ္တရာသိစရာ၊ မြင်စရာ၊ နေနည်းထိုင်နည်း၊ လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းတွေနဲ့ တစ်ထီးတစ်နန်းနေတတ်ခဲ့တဲ့ လူမျိုးရဲ့ အစဉ်အလာ။

နယ်ချဲ့ဗြိတိသျှမျက်နှာဖြူအုပ်စိုးခဲ့တဲ့ ၆၂ နှစ်ကြာကာလ။ ရခိုင်နဲ့ တနင်္သာရီဆိုရင်တော့ နှစ်ပေါင်း ၁၂၄ နှစ်ကျော်မျှ ဒေသခံပြည်သူတွေရဲ့ မူလဘုန်းတော်ကြီးသင်ပညာရေးကို အားမပေးတဲ့အပြင် သွယ်ဝိုက်သောနည်းအမျိုးမျိုးနဲ့ ပျက်ပြားအောင်လုပ်ဆောင်ခဲ့ကြတယ်။ တိုင်းတစ်ပါးကိုလိုနီအုပ်စိုးသူက မူလယဉ်ကျေးမှုနဲ့ ပညာရေးကို အားပေးလိုခြင်းမရှိ။ သူတို့ကို ကြောက်ရွံ့လေးစားပြီး နာခံနားထောင်တဲ့ ညံ့သူ၊ ဖျင်းသူများပဲဖြစ်စေချင်ပေမှာပေါ့။ ကျွန်အဖြစ် ခံနှစ်ခဲ့ရလေတယ်။

အချိန်ကာလ နှစ် ၆၀၊ နှစ် ၁၀၀ ဖိနှိပ်လိုက်တဲ့အခါ ယခင်ပဒေသရာဇ်ခေတ်က ဘုန်းတော်ကြီးသင်ပညာရေးဟာ တဖြည်းဖြည်းနဲ့ မှေးမှိန်ပျောက်ကွယ်လုနီးပါးဖြစ်သွားခဲ့ပေတာပေါ့။ ရာဇာပဓာန်။ အုပ်ချုပ်သူက အဓိကခြယ်လှယ်ဖန်တီးတာပဲလေ။

ဘာသာစကား၊ စာပေဟာ ခေတ်ရေစီးကြောင်းနဲ့အတူ ရှင်သန်ဖွံ့ဖြိုးဖို့ရာ လိုအပ်ပါတယ်။ ဘာသာစကားဆိုတာ အပြော၊ နားထောင်၊ အရေး၊ အဖတ်၊ တတ်ကျွမ်းမှုလေးမျိုးစလုံး လိုအပ်တာပေါ့။ အခုအချိန်မှာတော့ ကမ္ဘာသုံးဘာသာစကားလိုလို ဖြစ်နေတဲ့ အင်္ဂလိပ်စာမှ မတတ်ရင် လူရာမဝင်နိုင်တော့သလို အခြေအနေဖြစ်နေပြီပေါ့-

၁။ **အပြော** Speaking

၂။ **နားထောင်** Listening

၃။ **အရေး** Writing

၄။ **အဖတ်** Reading

တကယ်တော့ အင်္ဂလိပ်စာကို ဗြိတိသျှကိုလိုနီလက်အောက်ကျရောက်ခဲ့ရဖူးတဲ့ မြန်မာ၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ သီဟို ခေါ် သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်တို့မှာပဲ အဓိကကျယ်ပြန့်တာပါ။ ဥရောပတိုက်ရှိ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ စပိန်၊ နော်ဝေ စတဲ့နိုင်ငံတွေက ဥရောပတိုက်သားများက လက်တင်စာလုံးအသုံးပြုတာ တူကြပေမဲ့ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကို အထင်သေးကြတယ်။ မသုံးပါ။ ပြင်သစ်က ပြင်သစ်စာ၊ ဂျာမန်က ဂျာမန်စာ စသဖြင့်ကိုသာ ရေးကြပြောကြတာပါ။ အင်္ဂလိပ်ကိုလိုနီဖြစ်ခဲ့ဖူးတဲ့ အမေရိကန်နိုင်ငံမှာတော့ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားသုံးကြပါတယ်။ သူ့နေရာနဲ့သူပေါ့လေ။

အရှေ့တောင်အာရှနိုင်ငံ ၁၀ နိုင်ငံ အာဆီယံမှာလည်း အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကိုပဲ ရုံးသုံးဘာသာစာအပြင် ကိုယ်ကိုယ်တိုင် စိတ်ဝင်တစား စိတ်အားထက်သန်ပြုပြင်မွမ်းမံရင်း တိုးတက်အောင် ကြိုးစားသင့်ကြပါတယ်။ ဘာသာစကားတတ်မြောက်ကျွမ်းကျင်မှုဟာ ယခုခေတ်လို နိုင်ငံတကာနဲ့ ကျယ်ကျယ်ပြန့်ပြန့်ထိတွေ့ဆက်ဆံကြရမယ့် အခြေအနေမျိုးမှာ မရှိမဖြစ်လိုအပ်နေတာပေါ့။ တရုတ်စာ တရုတ်စကားပဲဖြစ်ဖြစ်၊ ဂျပန်စာ ဂျပန်စကားပဲဖြစ်ဖြစ်၊ အင်္ဂလိပ်စာ အင်္ဂလိပ်စကားပဲဖြစ်ဖြစ် ကြိုးစားလေ့ကျင့်ထားသင့်ပေတာပဲ။ ဘာသာစကားတတ်ကျွမ်းမှုဆိုတာ မခက်ပါဘူး။ အဆက်မပြတ် လေ့ကျင့်ရင် အချိန်မကြာခင် တတ်မြောက်သွားတာပဲ။ စက်ဘီးစီးရတာ၊ ရေကူးရတာမျိုးထက် ပိုမခက်ပါဘူး။ မော်တော်ဆိုင်ကယ်စီးတတ်ကြတယ်မဟုတ်လား။ တရုတ်စကား၊ ထိုင်းစကား၊ မလေးစကား၊ ရုရှားစကားတို့ကို မဖြစ်မနေ တတ်မြောက်အောင် လေ့ကျင့်ကြစေချင်ပါတယ်။

❖ နိုင်ငံတကာ၊ နိုင်ငံခြားနဲ့ ဆက်သွယ်ဆက်ဆံတဲ့အခါ မိမိတို့နိုင်ငံသားတွေရဲ့ အပြောအဆိုနားထောင်နားလည်၊ အရေးအသား၊ အဖတ်အမှတ်အရည်အသွေးဟာ တန်ဖိုးကြီးမားပါတယ်။ လူငယ်တွေဟာ မြန်မာစာ၊ အင်္ဂလိပ်စာကို ကျောင်းသင်ပညာသင်ခန်းစာအပြင် ကိုယ်ကိုယ်တိုင် စိတ်ဝင်တစား စိတ်အားထက်သန်ပြုပြင်မွမ်းမံရင်း တိုးတက်အောင် ကြိုးစားသင့်ကြပါတယ်။ ဘာသာစကားတတ်မြောက်ကျွမ်းကျင်မှုဟာ ယခုခေတ်လို နိုင်ငံတကာနဲ့ ကျယ်ကျယ်ပြန့်ပြန့်ထိတွေ့ဆက်ဆံကြရမယ့် အခြေအနေမျိုးမှာ မရှိမဖြစ်လိုအပ်နေတာပေါ့။❖

အဖြစ် သတ်မှတ်ထားပါတယ်။ ပြင်သစ်ရဲ့ ကိုလိုနီဖြစ်ခဲ့ဖူးတဲ့ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုတို့မှာ ပြင်သစ်စာနဲ့ ရင်းနှီးခဲ့ရာမှ အင်္ဂလိပ်စာသုံးတဲ့ အာဆီယံရေးရာမှာ ကြိုးစားကြရပါတယ်။ ဘာမဆို ကြိုးစားရင်တော့ ရတာပါပဲ။ မြန်မာရဲ့ ပင်မ မြန်မာစာ၊ မြန်မာစကားဟာ သဒ္ဒါစနစ်လည်း အခြေခံခိုင်မာတယ်။ ဝေါဟာရလည်း တိကျကြွယ်ဝခဲ့တယ်။ အခြားဘာသာဖြစ်တဲ့ ပါဠိ၊ မွန်၊ ရှမ်း စကားများကိုလည်း ရယူသိမ်းသွင်းခဲ့ကြတယ်။ မြန်မာစာတတ်ကျွမ်းသူကို အင်္ဂလိပ်စာ၊ ဂျပန်စာသင်ရတာက အင်မတန်လွယ်ကူပါတယ်။ အားလုံးလည်း သိကြပါတယ်။

နိုင်ငံတကာ၊ နိုင်ငံခြားနဲ့ ဆက်သွယ်ဆက်ဆံတဲ့အခါ မိမိတို့နိုင်ငံသားတွေရဲ့ အပြောအဆို၊ နားထောင်နားလည်၊ အရေးအသား၊ အဖတ်အမှတ်အရည်အသွေးဟာ တန်ဖိုးကြီးမားပါတယ်။ လူငယ်တွေဟာ မြန်မာစာ၊ အင်္ဂလိပ်စာကို ကျောင်းသင်ပညာသင်ခန်းအသက်အရွယ် ၁၅ နှစ်နဲ့ ၃၀ ကြား လူငယ်လူရွယ်တိုင်း မိခင်မြန်မာစာ၊ စကားအပြင် နိုင်ငံခြားသားနဲ့ပါ တန်းတူရည်တူ ပြောတတ်၊ ဆိုတတ်၊ ပြောနိုင်၊ ရေးနိုင်၊ ဘာသာပြန်နိုင်တဲ့ အဆင့်မျိုးထိ ကျွမ်းကျင်အောင် ဆည်းပူးလေ့လာထားရင် မောင်တို့မယ်တို့ဟာ ရှေ့ထက်ပိုပြီး တန်ဖိုးရှိကြပါလိမ့်မယ်။

ဘာသာစကားအားလုံးရဲ့ အခြေခံသဘောတရားဟာ အားလုံးအတူတူပါပဲ။ စကားပြောတာ ကျွမ်းကျင်ဖို့၊ စာရေးတာကောင်းမွန်ဖို့ အခြေခံသဘောတရားဒီအချက်တွေ လိုအပ်ပါတယ်-

(၁) **မှန်ကန်ရမယ်** Correct, Right

(၂) **ရှင်းလင်းရမယ်** Clear, Clean

(၃) **ကျစ်လျစ်ရမယ်** Concise

(၄) **လိုက်ဖက်ရမယ်** Compactible

(၅) **အခြေအနေနဲ့ ညီရမယ်** Current

(၆) **တိကျရမယ်** Exact

(၇) **ပြေပြစ်ရမယ်၊ သပ်ရပ်ရမယ်** Elegant

ဘာတွေလာပြောနေတာလဲ။ နိုင်ငံခြားဘာသာတက္ကသိုလ်ကဆရာလား။ သံတမန်လုပ်ခဲ့ဖူးလို့လား။ စာရေးသူက ဘာမှမဟုတ်ဘူး။ သာမန်စာရေးသူတစ်ယောက်ပါပဲ။ မိမိရှာဖွေလေ့လာထားတာတွေကို လိုချင်တဲ့သူ၊ သိချင်တဲ့လူအတွက် အလွယ်တကူအထောက်အကူရအောင် ထုတ်ဖော်တင်ပြတယ်။ ဒါပါပဲ။ ဆရာလုပ်တာလည်း မဟုတ်ပါဘူး။ ကြိုက်ရင်ယူပါ။ အသုံးကျမယ်ထင်ရင် ကူးယူမှတ်သားပြီး ဆောင်ထားပါ။ မကြိုက်ရင်ထားခဲ့။

ကျွန်တော်တို့အားလုံး စွမ်းအားတည်ဆောက်နေရမယ်လို့ စာရေးသူက ခံယူပါတယ်။ ဘယ်လိုအတားအဆီးရှိရှိ၊ ဘယ်လိုအခက်အခဲတွေ့တွေ့၊ ရည်မှန်းချက်တစ်ခုခုကို တိတိကျကျခိုင်ခိုင်မာမာထားပြီး ကြိုးစားသူအတွက် တစ်နေ့နေ့တော့ ပန်းတိုင်ရောက်ရမှာပေါ့။ ကျွန်တော်တို့ အနာဂတ်တွေကို ရှင်သန်အောင် ရုန်းကန်နေကြရမှာပဲ။ ပျင်းနေလို့မရဘူး။ ပေါ့ဆနေလို့မရဘူး။ စိတ်ပျက်နေလို့မဖြစ်ဘူး။

ရှင်သန်ချင်ရင် အောင်မြင်အောင် တိုက်ရမယ်။ Fight ရန်သူရယ်လို့ မဆိုလိုပါဘူး။

ကိုယ့်ဆီမှာရှိနေတဲ့ ရေသာခို၊ ရေစုန်မျော၊ "တော်သလို၊ လျော်သလို ကြည့်လုပ်ကြတာပေါ့" ဆိုတဲ့ အချောင်သမားဝါဒသဘောထား အယူအဆကို တိုက်ထုတ်မောင်းနှင်ပစ်လိုက်စေချင်တာပါ။ အကယ်၍ အောင်မြင်ကျော်လွှားနိုင်စွမ်းမရှိရင် ဘာဖြစ်မလဲ။ မေးပြီဆိုပါတော့-

မနိုင်ရင် ပြေးရှောင်ရမှာပေါ့။ Flee or Flight ဝေးရာလွတ်ရာ ပြေးရပုံရမယ်။

**"ကျော်နိုင်အောင်ကျော်၊**
**မကျော်နိုင်ရင်ငုံ့"**

ရှင်သန်ခြင်း နိယာမ။ ဒါပဲရှိတာလေ။

နိုင်အောင်ကြိုးစားကြည့်လို့ အစွမ်းကုန်ရုန်းကန်ပေမဲ့ (ဘာကြောင့်ညာကြောင့် အခြေအနေမပေးလို့ဘာမှ ဆင်ခြေဆင်လက်တွေပေးမနေနဲ့။ အပိုပဲ) မနိုင်ဘူးဆိုရင် လက်နက်ချ၊ ဦးညွှတ်လိုက်ပါ။

ဘဝမှာ ရှေ့ဆက်ပြီး ရှင်သန်ချင်သေးရင် အမှားဝန်ခံ၊ အမြန်ပြုပြင်၊ အမှန်မြင်အောင်ကြည့်။

သိအောင်လေ့လာ။ ယောင်ဝါးဝါးမလုပ်နဲ့။
သေသေချာချာလေ့ကျင့်။ ထပ်ခါထပ်ခါ။
လိုက်နာရမယ်။ မချိုးဖောက်ရဘူး။
လုပ်ဆောင်ရည်မြင့်မားပါစေ။

လူငယ်ဘဝမှာ စွန့်စားချင်တယ်။ တီထွင်ချင်တယ်။ ဆန်းသစ်ကြည့်ချင်တယ်။ စွန့်စားမယ်။ ဒါတွေကောင်းပါတယ်။ သို့တစေ လိုက်နာ၊ လေ့လာ၊ လေ့ကျင့်၊ လုပ်ဆောင်မှသာ အောင်မြင်နိုင်ပါတယ်။ စည်းကမ်းမရှိဘဲ၊ တကယ်မတတ်မြောက်ဘဲ စမ်းသပ်နေရင်တော့ သေရုံပဲပေါ့။ ဘဝကို တန်ဖိုးထားပါလေ။

# မင်းဘူးမြို့နယ် အင်ပင်လှကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မင်းဘူး အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အင်ပင်လှကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက အင်ပင်လှကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်သော ရွှေမန်းကုမ္ပဏီ၊ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုရှင်းလင်းတင်ပြမှုအပေါ် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မင်းဘူးမြို့နယ် အင်ပင်လှကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း အရှည် ၂ ဒသမ ၃ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေခင်း၍ မြေနီကျောက်စရစ် ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၁ သန်းဖြင့် ရွှေမန်း ကုမ္ပဏီက ဇွန် ၈ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂ ရက်ထိ ၉၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၉၀၊ လူ ၃၂၈၅ ဦး၊ စိုက်ပျိုးဧက ၃၉၂၇ မှ ထွက်ရှိသော ထုတ်ကုန်ထွက်ကုန်များ ဈေးကွက်သို့ အလွယ်တကူ လျင်မြန်စွာ ပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

**ဇင်မာ**

# မက္ကဆီကိုနိုင်ငံသို့ အော်လန်ဟာရီကိန်းမုန်တိုင်းဝင်ရောက်ဖွယ်ရှိနေ




**မက္ကဆီကိုစီးတီး အောက်တိုဘာ ၃**

အော်လန်ဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ အနောက်တောင်ဘက်ပိုင်းသို့ လာမည့်ရက်ပိုင်းအတွင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း အမေရိကန်နေရှင်နယ် ဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်ဟု Fxempire သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အော်လန်ဟာရီကိန်းမုန်တိုင်းသည် ပြင်းအားအဆင့်သုံးဖြင့် မက္ကဆီကိုနိုင်ငံသို့ ဝင်ရောက်လာဖွယ်ရှိနေပြီး မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှု မြင့်မားလာနိုင်ကြောင်း၊ အော်လန်မုန်တိုင်းသည် တစ်နာရီ ၁၁၅ မိုင်နှုန်းဖြင့် ဝင်ရောက်လာဖွယ်ရှိနေပြီး မက္ကဆီကိုအနောက်တောင်ဘက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများရှိနေကြောင်း အမေရိကန်နေရှင်နယ်ဟာရီကိန်းစင်တာက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"မက္ကဆီကိုနိုင်ငံ အနောက်တောင်ဘက်ပိုင်းကို အော်လန်လို့ အမည်ပေးထားတဲ့ ဟာရီကိန်းမုန်တိုင်းဝင်ရောက်လာဖွယ်ရှိနေပါတယ်။ မုန်တိုင်းဟာ လာမဲ့ နာရီ ၆၀ ကနေ ၇၂ နာရီအတွင်း ဝင်ရောက်လာဖွယ်ရှိနေပါတယ်။ မုန်တိုင်းဟာ တစ်နာရီ ၁၁၅ မိုင်နှုန်းနဲ့တိုက်ခတ်ဖွယ်ရှိနေပြီး မုန်တိုင်းကြောင့်လဲ ပျက်စီးဆုံးရှုံးမှုနှုန်းတွေ မြင့်မားလာနိုင်ပါတယ်။ မုန်တိုင်းဟာ လက်ရှိ မက္ကဆီကိုနိုင်ငံ ကော်ရီယန်တက်စ်ဒေသ အနောက်တောင်ဘက်ပိုင်း ၉၅ မိုင်အကွာကို ရောက်ရှိနေပြီဖြစ်ပါတယ်"ဟု အမေရိကန်နေရှင်နယ်ဟာရီကိန်းစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းအဓိကဝင်ရောက်လာဖွယ်ရှိနေသည့် ဒေသမှာအစွလက်မာရီယာဒေသဖြစ်ပြီး မိုးရေချိန်မှာ ခြောက်လက်မမှ ၁၀ လက်မထိ မြင့်တက်လာနိုင်ကြောင်း၊ ထို့ပြင် မက္ကဆီကိုနိုင်ငံ နာယာရစ်ပြည်နယ်နှင့် ဆင်နာလိုအာပြည်နယ်တို့တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းနိုင်ပြီး မိုးရေချိန်မှာ သုံးလက်မမှ ခြောက်လက်မထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။

"လာမဲ့ရက်ပိုင်းအတွင်း ဝင်ရောက်လာဖွယ်ရှိနေတဲ့ အော်လန်မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုတွေ မြေပြိုကျမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ မုန်တိုင်းနောက်ဆက်တွဲဆိုးကျိုးများနိုင်တဲ့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့လိုအပ်နေပါတယ်"ဟု မက္ကဆီကို မိုးလေဝသဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**ခိုင်းဆက်**

# အနမ်ဘရာပြည်နယ်တွင် ရေဘေးကြောင့် ဒေသခံ ၆၅၁၀၅၃ ဦး ဘေးလွတ်ရာရွှေ့ပြောင်း

**အဘူဂျာ အောက်တိုဘာ ၃**

နိုင်ဂျီးရီးယားနိုင်ငံ အနမ်ဘရာပြည်နယ်တွင် အောက်တိုဘာ ၂ ရက်က ရေကြီးရေလျှံမှုကြောင့် ဒေသခံတစ်ဦးသေဆုံးပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ၆၅၁၀၅၃ ဦးထိရှိခဲ့ကြောင်း အနမ်ဘရာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုသွားခဲ့သည်ဟု Blue Print သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြသွားခဲ့သည်။

သေဆုံးသူမှာ အဂူလီရီမြို့ခံဖြစ်ပြီး ရေကြီးရေလျှံမှုကြောင့် နေအိမ်ပြိုကျပျက်စီးရာမှ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း၊ ရေဘေးဒဏ်သင့်ပြည်သူများကို နိုင်ဂျီးရီးယား အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက ကူညီပံ့ပိုးပေးရေးအတွက် စီမံဆောင်ရွက်နေပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကိုလည်း ယာယီရှက်ဖျင်တဲများဖြင့် နေရာချပေးထားကြောင်း သိရသည်။

"အနမ်ဘရာပြည်နယ်ရဲ့ နေရာအနှံ့အပြားမှာတော့ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ ရေဘေးအန္တရာယ်နဲ့ အဓိကရင်ဆိုင်နေရတဲ့ မြို့ခြောက်မြို့ရှိတယ်။ ဒီမြို့ခြောက်မြို့ကနေ ဘေးလွတ်ရာရွှေ့ပြောင်းလာခဲ့ရတဲ့ ပြည်သူ ၆၅၁၀၅၃ ယောက်ရှိတယ်။ သေဆုံးသူတစ်ယောက်ရှိခဲ့တယ်။ သေဆုံးသူကတော့ ရေကြီးရေလျှံမှုကြောင့် နေအိမ်ပြိုကျပြီး ထိခိုက်မိတဲ့အတွက် သေဆုံးခဲ့ရတာ ဖြစ်တယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကိုတော့ ကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးထားတယ်"ဟု အနမ်ဘရာပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေး အေဂျင်စီ၏ အကြီးအကဲဖြစ်သူ တာနီမူက ပြောကြားခဲ့သည်။



ရေဘေးအန္တရာယ်ကြောင့် အနမ်ဘရာပြည်နယ်ရှိ မြို့ခြောက်မြို့မှ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားချက်ထုတ်ပြန်ထားပြီး တာဝန်ရှိသူများကလည်း သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူ နည်းပါးစေရေးအတွက် ဦးစားပေးဆောင်ရွက်နေကြောင်း သိရသည်။ **ခိုင်းဆက်**

# ဘရာဇီးနိုင်ငံတွင် ရွေးကောက်ပွဲက ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအတွက် အဓိကကျနေ

**ဘရာစီးလီးယား အောက်တိုဘာ ၃**

ဘရာဇီးနိုင်ငံတွင် သမ္မတရာထူးအတွက် ရွေးကောက်ပွဲတစ်ရပ်ကျင်းပပြုလုပ်နေပြီး ပြည်သူများလိုလားနေသည့် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးရည်မှန်းချက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သမ္မတရွေးကောက်ပွဲက အဓိကကျနေသည့်အတွက်ကြောင့် ပြည်သူများအနေဖြင့် မှန်ကန်စွာရွေးချယ်နိုင်ရန် လိုအပ်နေကြောင်းလည်း ဘရာဇီးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက တိုက်တွန်းခဲ့သည်ဟု Irish Examiner သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

သမ္မတကိုယ်စားလှယ်လောင်းများက ပြည်သူများလိုလားနေသည့် အချက်ဖြစ်သော အနာဂတ်တွင် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးရည်မှန်းချက်အောင်မြင်အောင် ဆောင်ရွက်ပေးမည်ဟူသော အချက်ဖြင့် မဲဆွယ်မှုများပြုလုပ်လျက်ရှိပြီး တချို့သော သမ္မတကိုယ်စားလှယ်လောင်းများက ဘရာဇီးနိုင်ငံအတွင်း အလုပ်လက်မဲ့ပပျောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက်သာ အာရုံစိုက်သွားမည်ဖြစ်ကြောင်း မဲဆွယ်ပြောကြားထားသည်။

လက်ရှိ သမ္မတဘိုလ်ဆိုနာရိုလက်ထက်တွင် အမေဇုန်သစ်တောပြုန်းတီးမှုနှုန်းမြင့်မားခဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှုလည်း အားနည်းခြင်းကြောင့် ဘိုလ်ဆိုနာရိုသည် ဝေဖန်မှုများ၊ ဆန္ဒပြမှုများဖြင့် ရင်ဆိုင်ခဲ့ရသည်။

လူလာဒါဆေးလ်ဗားအနေဖြင့် သမ္မတရာထူးကိုရရှိခဲ့ပါက သမ္မတတာဝန်ကို စတင်လက်ခံသည့်နေ့မှ စတင်၍ အမေဇုန်သစ်တောပြုန်းတီးမှုထိန်းချုပ်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိ လူလာဒါဆေးလ်ဗားကို ထောက်ခံသူများပြားနေသလို ဘရာဇီးနာမည်ကျော်ပုဂ္ဂိုလ်များကလည်း လူလာဒါဆေးလ်ဗားအတွက် မဲဆွယ်မှုများပြုလုပ်ပေးနေပြီး လူလာဒါဆေးလ်ဗားသာ အနိုင်ရခဲ့ပါက ဘရာဇီးနိုင်ငံ၏သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတိုးတက်လာဖွယ်ရှိနေသည့် အခြေအနေဖြစ်ကြောင်း သိရသည်။ **ခိုင်းဆက်**

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။




၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။








၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသာသနိကအဆောက်အအုံ ၁၀ ခုကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**ညောင်ဦး အောက်တိုဘာ ၃**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသာသနိကအဆောက်အအုံ ၁၀ ခုကို ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငလျင်ဆိုင်ရာရန်ပုံငွေဖြင့် စက်တင်ဘာလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ပြောပြ၍ သိရသည်။

ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အဆိုပါရန်ပုံငွေဖြင့် ရှေးဟောင်းသာသနိက အဆောက်အအုံအမှတ် (၁၆၅၀)၊ (၁၅၈၀)၊ (၁၀၆၃)၊ (၇၉၈)၊ (၉၉၇)၊ (၉၉၈)၊ (၉၈၇)၊ (၅၃၇)၊ (၅၅)၊ (၂၁၄၄) တို့ကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ငလျင်ဆိုင်ရာရန်ပုံငွေနဲ့ သာသနိကအဆောက်အအုံ ၁၀ ခုကို ဒီဘဏ္ဍာနှစ်မှာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြုပြင်ထိန်းသိမ်းရေးဌာနစု၊ အင်ဂျင်နီယာတွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်" ဟု ဦးကျော်မျိုးဝင်းက ပြောပြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရှေးဟောင်းအဆောက်အအုံအမှတ် (၁၆၅၀)၏တံတိုင်းကို အုတ်အစားထိုးဖြည့်စီခြင်းလုပ်ငန်း၊ အမှတ် (၁၅၈၀)တွင် ဝါးငြမ်းဖျက်ခြင်းလုပ်ငန်း၊ အမှတ်(၁၀၆၃)တွင် အတွင်းပိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ အမှတ် (၇၉၈)တွင်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ အမှတ် (၉၉၇)၊ (၉၉၈)တွင် တံတိုင်းပြိုကျပျက်စီးနေမှုကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ အမှတ် (၉၈၇)တွင် တံတိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ အမှတ် (၅၃၇)တွင် အုတ်တိုက်အတွင်း ပြိုကျနေသည်တို့ကို ရှင်းလင်းခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ အမှတ်(၅၅)တွင် အုတ်ကျောင်းအမိုးမျက်နှာပြင်ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေပိုက်လွှဲလောင်းခြင်းလုပ်ငန်း၊ အမှတ် (၂၁၄၄)တွင် အုတ်ကျောင်းမြောက်ဘက်ခြမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ASH

# မိုးကောင်းမြို့တွင် ကျေးရွာစီမံကိန်းရန်ပုံငွေ စီမံခန့်ခွဲမှုသင်တန်း ပို့ချ

**မိုးကောင်း အောက်တိုဘာ ၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်သော ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့်ကျေးရွာများအတွက် အထောက်အကူပြုစေရန် ရန်ပုံငွေ စီမံခန့်ခွဲမှုသင်တန်းပို့ချခြင်းကို ယနေ့နံနက် ၉ နာရီက မိုးကောင်းမြို့ စိုက်ပျိုးရေးဦးစီးဌာနခန်းမ၌ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညှင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီလွင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူဝင်းက ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များနှင့် ကျေးရွာအဆင့်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၁၁) ရပ်ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဦးအောင်သူရိန်ဇော်က စီမံကိန်းတွင်အသုံးပြုသည့် စီမံကိန်း ငွေစာရင်းပုံစံ(၇)မျိုးနှင့် ချေးငွေလျှောက်လွှာ ဖြည့်သွင်းခြင်းများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်သော ကျေးရွာစီမံကိန်းကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်မည့် ကျေးရွာခုနစ်ရွာမှ ကော်မတီဝင် ၄၈ ဦး၊ မြို့နယ် သမဝါယမဦးစီးဌာနက ဆောင်ရွက်မည့် ကျေးရွာလေးရွာ မှ ကော်မတီဝင် ၂၈ ဦးနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဆောင်ရွက်မည့် ကျေးရွာနှစ်ရွာမှ ကော်မတီဝင် ၁၄ ဦး စုစုပေါင်းဦးရေ ၉၀ တို့ကို သင်တန်းကာလ တစ်ရက်ကြာ ဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းဦးကို**

# သီလဝါအထူးစီးပွားရေးဇုန်တွင် ကုမ္ပဏီတချို့ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ကာ ပြည်ပသို့ ကုန်ချောများတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီးရှိ သီလဝါအထူးစီးပွားရေးဇုန်တွင် ကုမ္ပဏီတချို့က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ကာ ပြည်တွင်းမှကုန်ကြမ်းပစ္စည်းများကို ကုန်ချောများထုတ်လုပ်ပြီး ပြည်တွင်းသာမက ပြည်ပဈေးကွက်သို့လည်း တင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သီလဝါအထူးစီးပွားရေးဇုန် ကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက ပြောပြ၍ သိရသည်။





သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသော ကုမ္ပဏီများက လက်ရှိတွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့် ထပ်တိုးရင်းနှီးမြှုပ်နှံမှုပြုလာပြီး ကုန်ချောပစ္စည်းများထုတ်လုပ်ကာ ပြည်ပသို့တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်တဲ့ ကုမ္ပဏီတွေထဲမှာ ပြည်ပက တင်သွင်းရတဲ့ဘိလပ်မြေလို ကုန်ပစ္စည်းမျိုးကို ပြည်တွင်းမှာထုတ်လုပ်ပြီး ပြည်ပပြန်တင်ပို့ဖို့ လုပ်နေတဲ့ ကုမ္ပဏီပါတယ်။ နောက်ပြီးတော့ ဆေးဝါးထုတ်လုပ်တဲ့ ကုမ္ပဏီတစ်ခုကလဲ ဆေးဝါးအမည်သစ်တွေ ထပ်မံထုတ်လုပ်ပြီး ပြည်ပတင်ပို့ဖို့ ပြင်ဆင်ဆောင်ရွက်နေတယ်။ ဒါ့ပြင် ဒီနှစ်ထဲမှာ ကုမ္ပဏီတချို့ကလဲ ပြည်တွင်းကရတဲ့ သစ်သီးဝလံတွေ၊ အသီးအနှံတွေကို တန်ဖိုးမြှင့်ထုတ်ကုန်တွေထုတ်လုပ်ပြီး ပြည်ပကို တင်ပို့လာတာတွေရှိတယ်"ဟု သီလဝါအထူးစီးပွားရေးဇုန် ကော်မတီ ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက ပြောပြသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဆောင်ရွက်လာသော ကုမ္ပဏီများထဲတွင် ပြည်ပမှတင်သွင်းရသော ကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်လာသော ကုမ္ပဏီများ၊ ပြည်တွင်းမှရရှိသော ကုန်ကြမ်းပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ကာ ပြည်တွင်းသာမက ပြည်ပဈေးကွက်သို့ တင်ပို့မှုများ ဆောင်ရွက်လာသော ကုမ္ပဏီများ ပါဝင်သောကြောင့် ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းရမှု လျော့ချနိုင်ခြင်း၊ ပြည်ပပို့ကုန်များမှ နိုင်ငံခြားဝင်ငွေရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာကြောင်း သိရသည်။ **မိုးယံ(ဥက္ကလာ)**

# မြို့သစ်မြို့နယ် လှေဝန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှုစစ်ဆေး

**မြို့သစ် အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပြည့်ကျေးရွာအုပ်စု လှေဝန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်နှင့် တာဝန်ရှိသူများသည် လှေဝန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့သစ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်ဝင်းထက်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို လမ်းရေရှည်ခိုင်မြဲစေရေး ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ VDP စီမံကိန်းပံ့ပိုးငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၃ ဒသမ ၆၆ သန်း စုစုပေါင်းငွေကျပ် ၁၃ ဒသမ ၆၆ သန်း အသုံးပြု၍ ကျေးရွာတွင်းလမ်းအရှည် ၆၁၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲမှုနှင့် ဆောင်ရွက်လျက်ရှိကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်ထံမှ သိရသည်။

**အထွေး**



# ကြာအင်းဆိပ်ကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၃**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နတ်ချောင်းအလယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ယမင်းသင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ယမင်းသင်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ နတ်ချောင်းအလယ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးနှင့် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ အား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ကျပ် ၅၅ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးသူ**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင် တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့်သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# ညောင်ရွှေမြို့နယ် ငါးဖယ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**ညောင်ရွှေ အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ငါးဖယ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို အောက်တိုဘာ ၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၁ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငါးဖယ်ချောင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦးနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်း ၅၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကျပ် ၃၁ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။



**ဟိန်းထက်ရိုး(မလှိုင်)**

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၆-၉-၂၀၂၂** ရက်နေ့မှစတင်၍ **၂၂-၁၂-၂၀၂၂** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဒီဇင်ဘာလ ၂၉ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက် တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့် အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား သီတင်းကျွတ်ဘုရားပွဲတော် ကျင်းပမည့်အကြောင်း နှိုးဆော်လွှာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားပွဲတော်ကြီးကို နှစ်စဉ်ကျင်းပမြဲဖြစ်သည့်အတိုင်း ယခုနှစ် **၁၃၈၄ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၄)ရက်၊ (၈-၁၀-၂၀၂၂)(စနေနေ့) မှစ၍ သီတင်းကျွတ်လပြည့်ကျော်(၁)ရက်၊ (၁၀-၁၀-၂၀၂၂)(တနင်္လာနေ့)အထိ** ညတိုင်း စေတီတော်မြတ်ကြီးအား ဂေါပကအဖွဲ့.အလှူရှင်ပြည်သူများ၊ ဘာသာရေးအသင်းအဖွဲ့.အသီးသီးတို့က ဆွမ်းတော်ကြီးကပ်လှူခြင်း၊ ပန်း၊ ရေချမ်း၊ လျှပ်စစ်မီး၊ ဖယောင်းတိုင်၊ ဆီမီးထွန်းညှိပူဇော်ခြင်း၊ နိဗ္ဗာန်ဈေးရောင်းချခြင်း၊ သီတင်းကျွတ်လပြည့်နေ့ညတွင် မြို့မတေးဂီတအငြိမ့်ဖြင့်လည်းကောင်း၊ သီတင်းကျွတ်လပြည့်ကျော်(၂)ရက်နေ့ (၁၁-၁၀-၂၀၂၂)နေ့တွင် စည်တော်ကြီးဖြင့် ဇာတ်ခံဖျော်ဖြေပါမည်။ သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့ နံနက်တွင် စန္ဒာမုနိဘုရား၌ သံဃာ(၁၂၅)ပါးတို့ကို သပိတ်နှင့်တကွ ဆွမ်းကြီးလောင်းလှူခြင်း၊ သီတင်းကျွတ်လပြည့်ကျော် (၂)ရက်နေ့ နံနက်တွင် ကုသိုလ်တော်ဘုရား၌ သံဃာတော် အပါး(၁၀၀၀)တို့ကို သပိတ်နှင့်တကွ ဆွမ်းကြီးလောင်းလှူခြင်းစသော ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ **သပိတ်/ ဆွမ်း/ ဆွမ်းဟင်း အပြည့်အစုံ ကျပ် (၁၀၀၀၀ိ/-)၊ နဝကမ္မအလှူငွေအပေါ်တင် ကျပ် (၂၀၀၀၀ိ/-) စုစုပေါင်း သပိတ်တစ်လုံး ကျပ် (၃၀၀၀၀ိ/-)**ဖြင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းနိုင်ကြပါရန်နှင့် ကိုယ်တိုင်ကိုယ်ကျ လာရောက်ဆပ်ကပ်လှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ဖုန်း/ ၀၉-၇၇၀၃၆၃၀၇၃**
**၀၉-၂၅၆၀၂၂၅၅၃**

**ကုသိုလ်တော်ဘုရားနှင့်စန္ဒာမုနိဘုရား**
**ဘုရားပွဲတော်ကျင်းပရေးဦးစီးကော်မတီ**


# သထုံမြို့ မြို့လယ်ရွှေစာရံစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်သွားမည်



**သထုံ အောက်တိုဘာ ၃**

မွန်ပြည်နယ် သထုံမြို့ မြို့လယ် ရွှေစာရံစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း ရွှေစာရံဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏သတင်းများအရ သိရသည်။

ရွှေစာရံစေတီဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၈ ရက်နေ့မှ တပေါင်းလပြည့်နေ့ထိ စည်ကားစွာကျင်းပလေ့ရှိကြောင်း၊ အဆိုပါ ရွှေစာရံစေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်မှုကို ယခုနှစ် နိုဝင်ဘာလတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်၊ အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ရန် သတင်းထုတ်ပြန်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရွှေစာရံစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲတွင် ကုသိုလ် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ကိုးလက်မပတ်လည် ရွှေစင်ရွှေပြားတစ်ချပ်လျှင် ငွေကျပ် ၄၅ သိန်း၊ နှစ်လက်မပတ်လည်အချပ်ရေ ၁၀၀ ပါ ရွှေဆိုင်းတစ်ဆိုင်းလျှင် ငွေကျပ် ၁၅၀၀၀၀၊ နှစ်လက်မပတ်လည် အချပ်ရေ ၁၀၀ ပါ ရွှေဆိုင်းတစ်ဆိုင်းလျှင် ငွေကျပ် ၇၅၀၀၀ နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ရွှေစာရံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး သထုံမြို့ မြန်မာ့စီးပွားရေးဘဏ်၊ ငွေစာရင်းအမှတ် SF 001192 သို့လည်း ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ရွှေစာရံဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံ၌ ရွှေစာရံဟူသော ဘွဲ့တော်ဖြင့် ထင်ရှားသောစေတီနှစ်ဆူရှိရာ တစ်ဆူမှာ မွန်ပြည်နယ် သထုံမြို့ပေါ်တွင် တည်ရှိပြီး တစ်ဆူမှာ မန္တလေးတိုင်းဒေသကြီး ဒုဋ္ဌဝတီမြစ်ပေါ်တွင် တည်ရှိကြောင်း၊ သထုံမြို့တွင် တည်ရှိသော ရွှေစာရံစေတီတော်သည် စိန်ဖူးတော်မှ ဖိနပ်တော်ထိ ဉာဏ်တော်ပေ ၃၆၀ ရှိပြီး စေတီရံပေါင်း ၃၇ ဆူ၊ မုခ်နှင့် ရုပ်ပွားတော်ပေါင်း ၄၅ ဆူရှိကြောင်း သိရသည်။

သထုံမြို့ရှိ ရွှေစာရံစေတီတော်မြတ်ကို မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် သထုံပြည်သို့ ဒေသစာရီကြွချီခိုက်၌ပင် တည်ထားခဲ့ပြီး စိရံဓာတုစေတီဟူသော ဘွဲ့တော်မှ စိရံစေတီ၊ ထိုမှ စာရံစေတီဟု ခေါ်ခဲ့ကြကြောင်း၊ ထို့နောက် မြန်မာနိုင်ငံတွင် တည်ထားကိုးကွယ်ခဲ့သည့် စည်းခုံစေတီ၊ မော်ဓောစေတီတော်များကို ရွှေစည်းခုံစေတီ၊ ရွှေမော်ဓောစေတီ စသည်ဖြင့်ခေါ်ဝေါ်သကဲ့သို့ စာရံစေတီကိုလည်း ရွှေစာရံစေတီဟု သမုတ်ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်ကြောင်း ရွှေစာရံဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သတင်းများအရ သိရသည်။

**ချမ်းချမ်း**

# မင်းပြားမြို့နယ် သက်ပုန်းကျေးရွာ၌ မြေသားရေကန်တူးဖော်နေမှု ကွင်းဆင်းစစ်ဆေး

**မင်းပြား အောက်တိုဘာ ၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သက်ပုန်းကျေးရွာ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးအောင်ဝင်းထွန်းနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ သက်ပုန်းကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော အိဖြိုးဖြိုးကုမ္ပဏီတာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ မြောက်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မင်းပြားမြို့နယ်အတွင်း သက်ပုန်းကျေးရွာ၌ အလျားပေ ၁၅၀၊ အနံပေ ၁၅၀၊ အနက်ခြောက်ပေ မြေသားရေကန်တူးဖော်ခြင်းနှင့် ပေ ၆၀၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၅ သန်းဖြင့် အိဖြိုးဖြိုးကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၃ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂ ရက်ထိ ၆၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၃၅ အိမ်၊ လူဦးရေ ၁၁၁၅ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မြောက်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က ပြောပြ၍ သိရသည်။

**ကိုသန်း**








**စားသောက်ဆိုင်အတွက် ဝန်ထမ်းအလိုရှိသည်**

- **Senior Accountant** ● **(2)ဦး**
- **Cashier** ● **(4)ဦး**
- **Store** ● **(2)ဦး**
- အသက် (၂၀) မှ (၂၅)နှစ်အတွင်း
- အဆောင်နေနိုင်သူဖြစ်ရမည်။
- **HR ကျား (1)ဦး**
- အသက် (၃၀)နှစ်အတွင်း
- HR Certificate တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- **လျှပ်စစ်ကျွမ်းကျင် ကျား (1)ဦး**
- အသက် (၃၀)အတွင်း
- ဆက်သွယ်ရန်/ ဖုန်း **09-444460326**


**ပျောက်ဆုံးကြောင်း**

မြောင်းမြမြို့နေ သင်းသူဇာ (ဘ) ဦးစိန်လွင်း (၁၄/မမန(နိုင်)၂၁၉၁၁၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၅၅၆၄၉၇၇၃၄**

**ပျောက်ဆုံးကြောင်း**

ဝါးခယ်မမြို့နေ မောင်ရင်ကို (ဘ) ဦးဆန်နီ (၁၄/ဝခမ(နိုင်)၂၇၉၆၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၇၇၃၇၆၀၅၈၉**

**ပျောက်ဆုံးကြောင်း**

ပုသိမ်မြို့နေ မောင်ဇင်ကို (ဘ) ဦးစိုးဝင်း (၁၄/ပသန(နိုင်)၂၇၃၀၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၆၉၈၂၉၉၇၈၆**

**ပျောက်ဆုံးကြောင်း**

ပုသိမ်မြို့နေ မောင်ဝေလင်း (ဘ) ဦးမိုးမင်း (၁၄/ပသန(နိုင်)၂၈၇၇၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၇၈၆၂၆၉၂၃၀**

**ပျောက်ဆုံးကြောင်း**

ကျုံပျော်မြို့နယ်နေ ကောင်းယုယ (ဘ) ဦးမြင့်ဆွေ (၁၄/ကပန(နိုင်)၂၁၈၀၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၆၆၇၃၉၄၂၃၃**

**ပျောက်ဆုံးကြောင်း**

ပန်းတနော်မြို့နေ နမ့်မို့မို့ဆွေ (ဘ) ဦးမောင်စန်း (၁၄/ပတန(နိုင်)၁၈၅၈၆၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၇၆၁၇၄၆၄၈၄**

**ပျောက်ဆုံးကြောင်း**

မြန်အောင်မြို့နေ စိုင်းမိုးကျော်(ဘ) ဦးဝင်းနိုင် (၁၄/မအန(နိုင်)၂၄၃၂၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၆၇၆၅၉၉၉၁၈**

**ပျောက်ဆုံးကြောင်း**

မြန်အောင်မြို့နယ်နေ ဦးမြင့်နိုင် (ဘ) ဦးကိုဇော (၁၄/မအန(နိုင်)၁၇၃၃၅၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၇၉၄၅၁၅၄၁၇**

**ပျောက်ဆုံးကြောင်း**

ကျုံပျော်မြို့နေ အောင်မင်းစိုး (ဘ) ဦးအောင်ဆန်း (၁၄/ရကန(နိုင်)၁၅၅၇၇၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၆၈၂၂၁၆၀၄၇**

**ပျောက်ဆုံးကြောင်း**

မြင်းခြံမြို့နေ အောင်ရဲကျော် (ဘ) ဦးမိုးကျော် (၉/မခန(နိုင်)၂၁၉၂၂၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၄၀၂၆၃၅၇၅၁**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ ဦးလှမြင့် (၉/မတရ(နိုင်)၀၄၆၆၃၈)- ဒေါ်ညွန့်ညွန့်စိန် (၉/မတရ(နိုင်)၀၄၅၉၈၉)တို့၏သား မောင်စည်သူမြင့် (၉/မတရ(နိုင်)၁၃၅၀၁၀)သည် မိဘအုပ်ထိန်းသူတို့၏ ဆုံးမသွန်သင်မှုကို နာခံမှုမရှိဘဲ စိတ်ဆင်းရဲအောင် အခါခါပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါ၍ ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောင်တွင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာလိုက်သည်။

**(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)**

**ဦးလှမြင့်**

**ဒေါ်ညွန့်ညွန့်စိန်**

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှုလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။





ကိုဗစ် - ၁၉ ရောဂါပိုးရှိသူသည်မှ အခြားသူတစ်ဦးထံ အလွယ်တကူပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ပေလီကမ်းခြေတွင် ပျော်ရွှင်ချမ်းမြေ့စွာအပန်းဖြေနိုင်ရန် ဟိုတယ်များတိုးမြှင့်ဖွင့်လှစ်ရန် ပြင်ဆင်

**ရန်ကုန် အောက်တိုဘာ ၃**

ငပလီကမ်းခြေတွင် ယမန်နှစ်ဖွင့်လင်းရာသီက ခရီးသွားများအထူးစည်ကားခဲ့ပြီး ယခုလာမည့် ဖွင့်လင်းရာသီနိုဝင်ဘာလဆန်းပိုင်းတွင် ဆောင်းဦးပွဲတော်ကို ဖွင့်လှစ်သွားမည်ဖြစ်ရာ ခရီးသွားများပျော်ရွှင်ချမ်းမြေ့စွာအပန်းဖြေနိုင်ရန် ယမန်နှစ်ကထက် ဟိုတယ်များကို တိုးမြှင့်ဖွင့်လှစ်ရန် ပြင်ဆင်ထားကြောင်း ရခိုင်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

လာမည့်နိုဝင်ဘာလဖွင့်လင်းရာသီ၌ ငပလီကမ်းခြေအပန်းဖြေစခန်းတွင် ခရီးသွားများကို ဝန်ဆောင်မှုပေးကြမည့်အဖွဲ့များကို ကမ်းခြေသန့်ရှင်းရေး၊ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကဏ္ဍများ ပိုမိုသိရှိနိုင်ရန် ဟောပြောပွဲနှင့်သင်တန်းပေးခြင်းတို့ကို အောက်တိုဘာလပထမပတ်၌ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုကော်မတီက လုပ်ဆောင်လျက်ရှိသကဲ့သို့ ယမန်နှစ်ကထက် ခရီးသွားများစိတ်လက်ပေါ့ပါးစွာ အပန်းဖြေအနားယူနိုင်ရန် ဟိုတယ် ၇၉လုံး ထပ်မံတိုးမြှင့်ဖွင့်လှစ်ရန် ဟိုတယ်လုပ်ငန်းရှင်များက ပြင်ဆင်ဆောင်ရွက်ထားပြီး လေကြောင်းလိုင်းများကလည်း လေယာဉ်လက်မှတ်များကို ကြိုတင်ရောင်းချပေးလျက်ရှိသည်။

ယခုနှစ်တွင် ပင်လယ်ကမ်းခြေ၌ အပန်းဖြေနိုင်ရန် ငွေမြို့ ကမ်းသာယာကမ်းခြေတွင် ဟိုတယ်များတည်ဆောက်ထားရှိပြီး ငပလီ၊ ငွေဆောင်နှင့် ချောင်းသာကမ်းခြေတို့တွင်လည်း ဟိုတယ်များ အသင့်ပြင်ဆင်ထားရှိကာ ယမန်နှစ်ကစတင်ဖွင့်လှစ်၍ သင်္ကြန်ကာလတွင် အထူးစည်ကားခဲ့သော မာန်အောင်ကျွန်းတွင်လည်း အခန်း ၃၃ခန်းပါရှိသော အဆင့်မြင့်ဟိုတယ်တစ်လုံးနှင့် အခန်း ၂၄ခန်းပါရှိသော အပန်းဖြေစခန်းတစ်ခုကို ဖွင့်လှစ်ထားရာ ဖွင့်လင်းရာသီမာန်အောင်ကျွန်းတွင် အပန်းဖြေနိုင်ရန် ရေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုကို အထူးပြင်ဆင်ထားကြောင်းနှင့် နိုဝင်ဘာလ ငပလီဆောင်းဦးပွဲတော်တွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ ပျော်ရွှင်ချမ်းမြေ့စွာအပန်းဖြေအနားယူနိုင်ရန် ဟိုတယ်များကိုယမန်နှစ်ထက် တိုးမြှင့်ဖွင့်လှစ်ရန်ပြင်ဆင်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

**ရန်သူမီးဘေး တားဆီးရေး**
**မနေးဆောင်ရွက်ကြ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ၊ ထိုသို့ဆောင်ရွက်ရခြင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ဖြစ်၊ ထိုအထဲမှ ထူးချွန်သူများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံများနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ကြရမည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)**

**၈-၈-၂၀၂၂**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

# နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ (တတိယအကြိမ်) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



**နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ တတိယအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးကို

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

Quality For You
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
Quality For You
ပစ္စည်းထည့်ပုံးအမျိုးမျိုး
ပစ္စည်းထည့်ပုံးအမျိုးမျိုး
ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉